# ၁။ အကျဉ်းချုပ်

နှစ်ဆယ်စုနီးပါးကြာမြင့်နေပြီဖြစ်သော မြန်မာစစ်အစိုးရ စစ်ဗိုလ်ချုပ်ကြီးများ၏ အာဏာရှင်ဆန်သော စစ်အုပ်ချုပ်ရေးနှင့် စီးပွားရေးစီမံခန့်ခွဲမှုညံ့ဖျင်းမှုတို့အား ငြိမ်းချမ်းစွာ ဆန္ဒပြစိန်ခေါ်ခြင်းကို မြန်မာဒီမိုကရေစီလှုပ်ရှားသူများ၊ သံဃာတော်များနှင့်သာမန်လူထုကြီးက ရန်ကုန်မြို့နှင့် အခြားနေရာများရှိ လမ်းများပေါ်တွင် ၂၀၀၇ ဩဂုတ်နှင့် စက်တင်ဘာလများတွင် နေရာယူ ဆန္ဒပြခဲ့ကြသည်။ စစ်အစိုးရအား ဆန့်ကျင်မှုများမှာ မြန်မာပြည်အနှံ့တွင် ရှိနေခဲ့ပြီး၊ အသေးအဖွဲ့ ပုန်ကန်မှုများမှာ နေ့တိုင်းလို ရှိနေခဲ့သော်လည်း စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်အုပ်ချုပ်မှုမှာ အင်မတန် စနစ်ကျလွန်းသောကြောင့် ထို နာကြည်းပေါက် ကွဲမှုများအား ပြည်သူမျက်မှောက်ရှေ့သို့ ရောက်အောင် မတွန်း ပို့နိုင်ခဲ့ကြပေ။ နောက်ဆုံးအကြိမ်ဖြစ်ပွားခဲ့သော လူထုအုံ ကြွမှုမှာ ၁၉၈၈ ဩဂုတ်လတွင် ဖြစ်သည်။ ၁၉၈၈ နည်းတူ စစ်ဗိုလ်ချုပ်ကြီးများက ရက်စက်ကြမ်းကြုတ်သော အရေးယူ နှိမ်နင်းမှုကြီးကိုသုံး၍ တုံ့ပြန်ခဲ့ခြင်းဖြင့် မြန်မာလူထုက ခံစားမှုများအား တခါပြန်လည် ထုတ်ဖော်စေခဲ့သည်။

အစိုးရသည် လက်နက်မဲ့ဆန္ဒပြသူများအားနှိမ်နင်းရာ၌ နံပတ် တုတ်များဖြင့် ရိုက်နက်ခြင်း၊ ပရမ်းပတာဖမ်းဆီးခြင်းများ၊ သေနတ်များဖြင့်ပစ်ခတ်ခြင်းတို့ပြုလုပ်ခဲ့သည်။ သံဃာတော်များနှင့်သီလရှင်များအားဆန္ဒပြမှုများမှ ဖယ်ရှားပစ်ရန်အတွက် ညအချိန်တွင် ဘုန်းကြီးကျောင်းဒါဇင်လောက်ကို လုံခြုံရေး အဖွဲ့များက ဝင်စီးတိုက်ခိုက်ခြင်း၊ ထောင်ပေါင်းများစွာသော သံဃာတော်များကို သင်္ကန်းများချွတ်ခိုင်းခြင်း တို့ပြုလုပ်ခဲ့ သည်။ လက်ရှိဆန္ဒပြခေါင်းဆောင်များ၊ အတိုက်အခံအဖွဲ့ဝင် များ၊ ၈၈ အရေးအခင်းကျောင်းသားများအား ဖမ်းဆီးခြင်း၊ လိုက်လံရှာဖွေခြင်းများ ပြုလုပ်ခဲ့သည်။ ဆက်လက်ပြီးလည်း ဖမ်းနေမြဲ၊ အကျဉ်းချနေမြဲဖြစ်သည်။

မြန်မာစစ်အစိုးရ စစ်ဗိုလ်ချုပ်ကြီးများသည် အလွန်ဆိုးရွားလှ သော နှိမ်နင်းမှုကြီးဖြစ်ရပ်မှန်ကို ကမ္ဘာကမသိရှိနိုင်ရန် တင်းကျပ်သော အရေးယူလုပ်ဆောင်ချက်များပြုလုပ်ခဲ့သည်။ နိုင်ငံခြားသတင်းထောက်များအား ဝင်ခွင့် မပေးခြင်း၊ပြည် တွင်းသတင်းများအပေါ် အပြည့်အဝချုပ်ကိုင်ထားခြင်း များကို လုပ်ခဲ့သည်။ နှိမ်နင်းမှုကြီးနောက်ပိုင်းတွင် နယ်ခံ သတင်းထောက်များ အဖမ်းခံခဲ့ရပြီး၊ မြန်မာပြည်မှ သတင်း ပို့ခြင်း၊ ဗွီဒီယိုများပို့ခြင်းများကို တွင်ကျယ်စွာ ပြုလုပ်နေမှု များအားရပ်စေရန် လက်ကိုင်ဖုန်းများ၊ အင်တာနက်များကို ခေတ္တပိတ်ထားခဲ့သည်။ ထိုအချိန်မှစ၍ တင်းကျပ်သော ချုပ်ကိုင်မှုများကို ပြုလုပ်နေခဲ့သည်။

သို့ပေမယ့်၊ ဆင်ဆာဖြတ်မှုမှာ အပြည့်အဝအောင်မြင်မှု မရှိ ခဲ့ပေ။ တီထွင်ကြံဆမှုဉာဏ်ရှိပြီး ရဲရင့်သောပုဂ္ဂိုလ်များ၏ စွမ်းဆောင်မှုများကြောင့် လက်ကိုင်ဖုန်းဖြင့်ရိုက်ထားသော ဆန္ဒပြပုံများနှင့် နှိမ်နင်းနေသည့် ဗွီဒီယိုအပိုင်းအစများကို ပြင်ပသို့ပို့နိုင်ခဲ့သောကြောင့် ကမ္ဘာ့ရုပ်မြင်သံကြားများမှ ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ မြန်မာစစ်အစိုးရက အာဏာဆုပ် ကိုင်ထားနိုင်ရန် မည်ကဲ့သို့သောအကြမ်းဖက်မှုများနှင့် နှိမ်နင်းမှုများကို သုံးနေကြောင်း မီးမောင်းထိုးပြနိုင်ခဲ့သည်။

ဤအစီရင်ခံစာအတွက် လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီး ၏သုသေသီများက မျက်မြင်သက်သေ ၁၀၀ ကျော်အား တွေ့ဆုံမေးမြန်းထားခြင်းအပေါ်အခြေခံထားပြီး၊ဆန္ဒပြမှုများ၊ ရက်စက်သောနှိမ်နင်းမှုများ၊ လူထုများအား ဖမ်းဆီးမှုအားလုံး ကို အသေးစိတ်တင်ပြထားသည်။ အပြည်ပြည်ဆိုင်ရာမှ တာဝန်ခံအရာရှိများ၊ ဆန္ဒပြစည်းရုံး သူများနှင့် ဦးဆောင် သော သံဃာတော်များအပါအဝင် ဆန္ဒပြမှုတွင်ပါသော သာမန်လူထုများနှင့် သံဃာတော်များကို မေးမြန်းတွေ့ဆုံ မှုများပေါ်တွင် အခြေခံထားသည်။ ဤအစီရင်ခံစာသည် ရန်ကုန်မြို့ထဲ ဖြစ်ပျက်မှုများအားအပေါ် ဦးစားပေးတင် ပြထားသည်။ ထို့ကြောင့် အခြားနေရာများတွင် ဖြစ်ခဲ့သော ဆိုးရွားသည့်ဖြစ်ရပ်များနှင့် ညှင်းပန်းနှိပ်စက်မှုများကို မတင် ပြထားပါ။ အစိုးရ၏ တင်းကြပ်သော ကန့်သတ်မှု များနှင့် အန္တရာယ်များမှုကြောင့် မျက်မြင်သက်သေများကို မရှာတွေ့ နိုင်ဘဲဖြစ်ခဲ့ရသည်။ ထိုအကြောင်းရင်းများကြောင့် ဤ အစီရင်ခံစာသည် အလုံးစုံပြည့်စုံသည်ဟု မဆိုနိုင်ပါ။ နှိမ်နင်းမှုကြီးမှ

များပြားကျယ်ပြန့်လှသော ကွင်းဆက်များ အားလုံးကို ခြေရာခံရန်၊ ဖြစ်ပျက်မှုအလုံးစုံများနှင့် အနိုပ် စက်ခံရသူများအားလုံးကို ဖော်ပြနိုင်ရန်အတွက် နောက်ထပ် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရန် လိုအပ်နေသေးသည်။

ထိုအကန့်အသတ်တားဆီးချက်များရှိသော်လည်း ဤအစီ ရင်ခံစာတွင် နှိမ်နင်းမှုကြီးနှင့်ကွင်းဆက်များကို အသေးစိတ် တင်ပြပေးထားသည်။ အစီရင်ခံစာအတွက် တွေ့ရှိချက်များ အရ စစ်အစိုးရမှဝန်ခံထားသည်ထက် နှိမ်နင်းမှုကြီးတွင် လူပိုများအသတ်ခံခဲ့ရကြောင်း၊ ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ရက်သတ္တပတ်၊ လများအတွင်းတွင် အာဏာပိုင်များက စနစ်ကျကျ အကြမ်းဖက်မှုနည်းများ သုံးကာ သံဃာတော် များ၊ ကျောင်းသားများနှင့် အခြားပြုပြင်ပြောင်းလဲမှုများကို တောင်းဆိုသူများအားလုံးအား ဖမ်းဆီးမှုများအကြောင်းကို တင်ပြထားသည်။

ဆန္ဒပြမှုများစတင်လာခြင်းမှာ ၂၀၀၇ ဩဂုတ်လလယ်ပိုင်းတွင် နအဖက လောင်စာနှင့် သဘာဝဓာတ်ငွေ့အတွက် အမတော်ငွေထားရှိခြင်းကိုဖယ်ရှားပစ်ပြီး ဓာတ်ဆီဈေးနှုန်းများကို ချက်ချင်းမြှင့်တင်လိုက်သောကြောင့် ကုန်ဈေးနှုန်းများမှာ နေ့ချင်းညချင်းတွင်ပင် ၅၀၀ % မြင့်တက်သွားခဲ့ရာမှ စခဲ့သည်။ ဩဂုတ် ၁၉ တွင် ၈၈ အရေးအခင်းကျောင်းသားများ (၁၉၈၈ ဆန္ဒပြမှုများတွင် ဦးဆောင်ခဲ့သူများ) က လူ ၄၀၀ ခန့်ဖြင့် ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြရန် စည်းရုံးခဲ့ကြသည်။ ကုန်ဈေးနှုန်း များမြင့်တက်မှုက အကြောင်းရင်းဖြစ်ခဲ့သော်လည်း ဆန္ဒ ပြမှုများနှင့်လူအများပါဝင်မှုများသည် လူထု၏ ဒေါမာန်ဟုန်၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဖြစ်လာရန် လိုလားသည့် လူထု၏ ကာလကာနောက်ကွယ်မှ စည်းရုံးမှုများ၊ နအဖ သားရဲအုပ်ချုပ်မှုကို ရပ်စေရန် ရောင်ပြန်ဟပ်မှု များပင်ဖြစ်သည်။

နအဖ၏ တုံ့ပြန်မှုမှာ ချက်ချင်းပင်ဖြစ်သည်။ ဩဂုတ်လ ၂၁ တွင် အရာရှိများက ၈၈ အရေးအခင်းကျောင်းသား ခေါင်းဆောင်များနှင့်အခြားလှုပ်ရှားမှုအဖွဲ့များကို ဖမ်းဆီး ခဲ့သည်။ ဩဂုတ်လ ၂၁ တွင် ၁၀၀ ထက်မကသော လှုပ်ရှားသူများကို အကျဉ်းထောင်ထဲသို့ ပို့ခဲ့သည်။ ထို့ထက်မက၊ ဆန္ဒပြမှုများဆက်လက်လုပ်နေသူများကို ဖမ်းဆီးရန်နှင့် ရိုက်နက်ရန်အတွက် နအဖအစိုးရက ၎င်း၏ ညာလက်ရုံးအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး (ပြည်ခိုင်ဖြိုး) (ကြံ့ဖွံ့) နှင့် ညှင်းပန်းနှိပ်စက်မှုများကိုကျင့်သုံးသည့် စွမ်းအားရှင်အဖွဲ့ များအား ရန်ကုန်မြို့လမ်းများပေါ်တွင်  နေရာချထား ခဲ့သည်။ ချက်ချင်းအရေးယူနှိမ်နင်းခဲ့ကြသော်လည်း ဆန္ဒပြမှုများမှာ ရန်ကုန်မြို့တွင်ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ မကြာမီမှာအတွင်းပင် ဆန္ဒပြမှုများမြန်မာပြည်အနှံ့ မြို့များသို့ ပျံ့နှံ့သွားခဲ့သည်။

စက်တင်ဘာ ၅ တွင် မန္တလေးမြို့အနီးရှိ ပုခုက္ကူမြို့တွင် သံဃာတော်များက ဓာတ်ဆီဈေးနှုန်းများ မြင့်တက်လာ ခြင်းကို ရှုံ့ချပြစ်တင်သည့် သင်္ကေတများကိုကိုင်ဆောင်ကာ ချီတက်ကြသောအခါတွင်ကား ဆန္ဒပြမှုများသည် အရေးကြီး သောပြောင်းလဲမှုကြီးသို့ ကူးသွားခဲ့သည်။ ထောင်ပေါင်း များစွာသောဆန္ဒပြသူများက သံဃာတော်များကိုကြိုဆိုလက်ခံ ဩဘာပေးခဲ့ကြသည်။ စစ်တပ်က ရက်စက်သောနည်းများ ဖြင့်ဝင်ရောက်စွက်ဖက်ခဲ့သည်။ သံဃာတော်များ၏ ခေါင်းများပေါ်ကို သေနတ်များဖြင့် ပစ်ခတ်ခြင်း၊ သံဃာ တော်များနှင့်ရပ်နေသူများကို ရိုက်နက်ခြင်းများ ပြုလုပ် ခဲ့ကြသည်။ အတည်ပြုချက်မရသော သတင်းများအရ ဘုန်းကြီးတပါးသည် ရိုက်နက်မှုမှ ပျံလွန်တော်မူသွား ကြောင်း၊ အခြားသံဃာတော်များကိုမူ ဓာတ်မီးတိုင်များတွင် ချည်နှောင်ပြီး လူထုရှေ့တွင် ရိုက်နက်ခဲ့ခြင်းများက ဘာသာ ရေးအဖွဲ့အစည်းများကြား ဒေါသနှင့် စက်ဆုတ်ရွံရှာ မှုများကို ဖြစ်စေခဲ့ကြောင်းသိရသည်။ နောက်တနေ့တွင်၊ သောင်းကျန်းသူလူအုပ်တစုက ဘုန်းကြီးကျောင်းသို့ သွားလည်သော မြန်မာစစ်အစိုးရကိုယ်စားလှယ်များနှင့် ဘာသာရေးဆိုင်ရာ အရာရှိများအားဝိုင်းရံခဲ့ကြပြီး ၎င်းတို့ကားများကိုမီးရှို့ခြင်းကြောင့် ၆ နာရီကြာအောင် မဆုတ်သာမတိုးသာဖြစ်ခဲ့ရသည်။

ပုခုက္ကူသံဃာတော်များအား အကြမ်းဖက်နှိမ်နင်းခဲ့မှုကို တုန့်ပြန်သည့်အနေဖြင့် မကြာသေးမီကပင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစု အဖွဲ့ကြီးက နအဖမှ ချက်ချင်းတောင်းပန်ရေး၊ ကုန်ဈေးနှုန်းများ ကျဆင်းရေး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေး၊ နအဖနှင့် နိုင်ငံရေးအတိုက်အခံများကြား နှစ်ဦးနှစ်ဖက် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရေးတို့ကို

တောင်းဆိုခဲ့ကြသည်။ ထို မဟာမိတ်အဖွဲ့က နအဖခေါင်းဆောင်များမှ ယင်းတောင်းဆိုမှု များကို စက်တင်ဘာ ၁၇ တိုင်အောင်လုပ်ဆောင်ခြင်းမရှိပါက ဗုဒ္ဓဘာသာအဖွဲ့အစည်းမှ ပယ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြသည်။ တောင်းဆိုမှုများကိုမလိုက်လျောခဲ့သောကြောင့် စက်တင်ဘာ ၁၇တွင် နအဖခေါင်းဆောင်များအား ဗုဒ္ဓဘာသာအဖွဲ့အစည်းမှ ပယ်ပစ်ခဲ့သည်။ ဆန္ဒပြမှုများလည်းပြန်လည် စတင်ခဲ့သည်။ ထို သံဃာတပ်ပေါင်းစုအဖွဲ့ကြီးက နအဖခေါင်းဆောင်များနှင့် မိသားစုများထံမှ ဆွမ်းများကိုလည်း လက်မခံခဲ့ပေ။ ပတ္တနိက္ကုဇ္ဇနကဆောင် သပိတ်များခဲ့ကြသည်။

မြန်မာတပြည်လုံးရှိ သံဃာတော်များက သံဃာတပ်ပေါင်းစုအဖွဲ့ကြီး၏ နိုးဆော်ချက်ကို တုံ့ပြန်ခဲ့ပြီး စက်တင်ဘာ ၁၇တွင် နေ့စဉ်ချီတက်မှုများကို စတင်ခဲ့တော့သည်။ သိသာ ထင်ရှားစွာဖြင့် အချို့နေ့များတွင် လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒပြမှုများတွင်တိုက်ရိုက် စွက်ဖက်ခြင်းမရှိခဲ့ချေ။ သို့သော်၊ စုံစမ်းစစ်ဆေးရေးအရာရှိများက ချီတက်သူများကို ဓာတ်ပုံများ၊ ဗွီဒီယိုများရိုက်ခဲ့ကြသည်။ မည်သည့်အကြောင်းရင်းများကြောင့် ဆန္ဒပြမှုများ အား ခွင့်ပြုထားသည်ကိုတော့ အတိအကျမသိရပေ။ ပိုမိုများပြားလာနေသော သံဃာတော် များနှင့် ပြည်သူများကြောင့် ဆန္ဒပြသူများမှာ ရာဂဏန်းမှ ထောင်ဂဏန်းသို့ ပြောင်းသွားခဲ့သည်။

စက်တင်ဘာ ၂၁ တွင် အရေးကြီးသောပြောင်းလဲမှုကြီးတခု ဖြစ်ခဲ့ပြန်သည်။ မိုးများရွာသွန်းနေသော နေ့တနေ့တွင် ဘုန်းကြီး ၅၀၀ ပါးခန့်က လွန်ခဲ့သည့် ၁၇ နှစ်အတွင်း ၁၂ နှစ်ကြာအကျယ်ချုပ်ထားရာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ကာရံထားသော အတားအဆီးခြံစည်းများကိုကျော်ပြီး သူမနှင့်အတူ ဆုမွန်ကောင်းတောင်း ခြင်းများ ပြုလုပ်ခဲ့သည်။ နောက်တနေ့တွင် ဘုန်းကြီး ၃၀၀ ပါး အပါအဝင် ၂၀၊ ၀၀၀ ခန့်ရှိသော ဆန္ဒပြသူများက ဆောင်ပုဒ်များ၊ ကြွေးကြော်သံများဖြင့် နအဖအား စစ်အုပ်ချုပ်ရေး အဆုံးသတ်စေရေး၊ နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေး များကို တောင်းဆိုခဲ့ကြသည်။ တရက်အကြာ စက်တင်ဘာ ၂၇ တွင် ရန်ကုန်မြို့ရှိ ဆန္ဒပြမှုများသည် ဘုန်းကြီး ၃၀၊၀၀၀ မှ ၅၀၊၀၀၀  အပါအဝင် ၂၀၊ ၀၀၀ ခန့်ရှိသော လူအုပ်ကြီးသို့ ကူးပြောင်းသွားခဲ့သည်။ ပိတ်ပင်ခြင်း ခံရသော မြန်မာပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာရဟန်းပျိုသမဂ္ဂများအဖွဲ့ အပါအဝင် ၁၉၉၀ တွင် ရွေးကောက်ထားသောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါလီမန်အမတ်များက အစ မြောက်များစွာသော နိုင်ငံရေးအဖွဲ့များက ချီတက်ရာတွင် ပါဝင်ခဲ့ကြသည်။ နာမည်ကြီး ပုဂ္ဂိုလ်များဖြစ်သည့် လူရွှင်တော် ဇာဂနာနှင့် ရုပ်ရှင်မင်းသား ကျော်သူတို့က ဆန္ဒပြမှု များအား ထောက်ခံသည့် အနေဖြင့် သံဃာတော်များအား ပေးကမ်းစွန့်ကြဲ လှူဒါန်း ခဲ့ကြသည်။ ထိုကဲ့သို့သော ဆန္ဒပြမှုများသည် မြန်မာပြည်အနှံ့ရှိ မြို့ပေါင်း ၂၅ မြို့တွင် ဖြစ်ပွားခဲ့သည်။

စက်တင်ဘာ ၂၄ ညနေပိုင်းတွင် နအဖက ဆန္ဒပြမှုများကို သုတ်သင်နှိမ်နှင်းမည် ဖြစ်ကြောင်း သတိပေးခဲ့သည်။ ဘာသာရေးဆိုင်ရာ ဝန်ကြီးက ပြည်သူ့ ရုပ်မြင်သံကြား တွင် ဆန္ဒပြမှုများဟာ "ပြည်တွင်းပြည်ပ နှောက်ယှက်ဖျက်ဆီးသူများ" ၏ လက်ချက်ဖြစ် ကြောင်း ပြောဆိုခဲ့သည်။ နိုင်ငံတော်အစိုးရ လက်အောက်ရှိ ဘာသာရေးဆိုင်ရာအမှုများကို ကိုင်တွယ်သည့် ဝါရင့်သံဃာတော်များ ပါဝင်သော "သံဃာ့မဟာနာယက" ကော်မတီက "လောကီ ကိစ္စရပ်များ" တွင် သံဃာတော်များ မပါဝင်သင့်ကြောင်းနှင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ သံဃာတပ်ပေါင်းစု အဖွဲ့ကြီးက ကဲ့သို့သော "တရားဝင်အဖွဲ့မဟုတ်သော" အဖွဲ့ အစည်းများ တွင် ပါဝင်ခြင်းမပြုရဟု ပြောဆိုတားမြစ်ခဲ့သည်။ ပြည်ခိုင်ဖြိုးနှင့် ရပ်ရွာအေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ရယက) ထရပ်ကားများက နောက်တနေ့ မနက်မှာ ပင် ဆန္ဒပြပွဲများတွင် မပါဝင်ကြရန် လော်စပစ်ကာများဖြင့် လူတွေကို သတိပေးခဲ့ကြ သည်။ သတိပေးခဲ့သော်လည်း အရင်ကဲ့သို့ ကြီးမားများပြားလှသော လူအုပ်ကြီးက စက်တင်ဘာ ၂၅ တွင် ရန်ကုန်မြို့လမ်းများပေါ်တွင် ပေါ်လာခဲ့ပြန်သည်။ ၄င်း ဆန္ဒပြမှုကြီးမှာ အရေးယူသုတ်သင်နှိမ်နှင်းမှုကြီးမတိုင်မီ နောက်ဆုံး ဆန္ဒပြပွဲနေ့ပင်ဖြစ်သည်။

စက်တင်ဘာ ၂၄ ညနေပိုင်းမှစ၍ နအဖက ညမထွက်ရအမိန့်ကို ထုတ်လိုက်ပြီး ဆန္ဒပြပွဲများကို ထောက်ခံခဲ့သည့်လူရွှင်တော် ဇာဂနာကဲ့သို့သော နာမည်ကြီးပုဂ္ဂိုလ်များကို စတင်ဖမ်းဆီးခဲ့သည်။

ကြီးမားများပြားလှသော စစ်သည်များကို ရန်ကုန်မြို့သို့ ရွှေ့ခဲ့သည်။ နောက်တနေ့မနက် စက်တင်ဘာ ၂၆တွင် လုံထိန်းများနှင့် စစ်သည်များက ရွှေတိဂုံစေတီ တော်ရှိ သံဃာတော်များကို ဝိုင်းရံပြီး ပြင်းပြင်းထန်ထန်ရိုက်နက်ခြင်းဖြင့် ဆန္ဒပြသူများအား နှိမ်နင်းသည့် ပထမဆုံးသော ဆိုးရွားသည့်တိုက်ခိုက်ရန်မူမှုကို စတင်ခဲ့သည်။ မျက်မြင် သက်သေအမြောက်အများပြောဆိုချက်အရ၊ လုံထိန်းများက ဘုန်းကြီးတပါးအား ပျံလွှန် တော်မူသည့်တိုင်အောင် နှိပ်စက်ခဲ့ကြသည်။ ဆန္ဒပြမှုများကို ဆူးလေစေတီသို့ ပြောင်းသွား သောအခါတွင်လည်း စွမ်းအားရှင်ပြည်သူ့စစ်များက ဆန္ဒပြသူများကို ရိုက်နက်ပြီး လူစု ခွဲခဲ့ကြသည်။ အနောက်မြောက်ပိုင်းရှိ သခင်မြပန်းခြံအနီးတွင် သီးခြား ဆန္ဒပြသူများအဖွဲ့ တဖွဲ့ကိုလည်း စွမ်းအားရှင်ပြည်သူ့စစ်များက ပိတ်ပင်တားဆီးခဲ့ကြပြန်သည်။ စစ်သား များက လူအုပ်ကြားထဲသို့သေနတ်များဖြင့်ပစ်ထည့်ခဲ့ပြီး အနည်းဆုံး လူ ၄ ယောက်ကို ထိခဲ့ကြ သည်။ ကမ်းနားလမ်းတွင် လူအုပ်ကြီးပြေးလွှားနေစဉ် ပစ်ခတ်မှုများကြောင့် နောက်ထပ် ဆန္ဒပြသူတယောက်သေဆုံးခဲ့ပြန်သည်။ အခြားဆန္ဒပြမှုများလည်း ရန်ကုန်မြို့တွင်းတွင် ဆက်လက်ဖြစ်နေခဲ့ပြီး၊ ဆူပူအုံကြွမှုများကို ဖြစ်စေခဲ့သည်။ ထိုနေ့တွင် တကိုလိုမီတာလောက် ရှည်လျားစွာ ချီတက်နေသော သံဃာတော်များနှင့် ဆန္ဒပြသူများက မြို့တွင်းမှ ထွက်ခွာခဲ့ပြီး ဆန္ဒပြမှုများကို ဆက်လက်လုပ်ဆောင်ရန် ပြည်သူတွေ၏ စိတ်ဓာတ်ကိုပြခဲ့ကြသည်။

စက်တင်ဘာ ၂၆၊ ၂၇ ညများတွင် လုံခြုံရေးတပ်ဖွဲ့များက ရန်ကုန်မြို့ထဲရှိ ဘုန်းကြီးကျောင်းများကို ဝင်စီးခဲ့ကြသည်။ အကြမ်းဖက်ဆုံးဝင်စီးမှုမှာ ငွေကြာယံ ပရိယတ္တိစာသင်တိုက်တွင်ဖြစ်သည်။ ထိုကျောင်းတွင် လုံခြုံရေးတပ်ဖွဲ့များက သံဃာတော်များကို အကြမ်းဖက်မှုများဖြင့်တိုက်ပြီး ဘုန်းကြီး ၁၀၀ ပါးကို ဖမ်းဆီးခဲ့ကြသည်။ ခိုင်လုံမှုမရသော သတင်းများအရ ဘုန်းကြီးတပါးအသတ်ခံရကြောင်း သိရသည်။

စက်တင်ဘာ ၂၇ မနက်ပိုင်းတွင် စစ်သားများက ကျန်နေသေးသောသံဃာတော်များကို ဖမ်းဆီးရန် ငွေကြာယံပရိယတ္တိစာသင်တိုက်သို့ ပြန်လာခဲ့ကြသည်။ ဒေါသထွက်နေသာ အရပ်သားများက ၄င်းစစ်တပ်များကို ဝိုင်းရံခဲ့ကြသည်။ ထိုတိုက်ခိုက်မှုတွင် လုံခြုံရေး တပ်ဖွဲ့များ၏ လက်ချက်ဖြင့် အထက်တန်းကျောင်းသားတဦးအပါအဝင် အနည်းဆုံး လူ ၇ ယောက် သေဆုံးခဲ့သည်။ နေ့လယ်ပိုင်းလောက်တွင် နောက်ထပ်ဆန္ဒပြမှုကြီးတခု ဆူးလေ အနီးတွင် ဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများအား သေနတ်များဖြင့်ပစ်ခဲ့ပြီး စစ်သားများ၊ လုံထိန်းများနှင့် စွမ်းအားရှင်များက ဆန္ဒပြနေသော လူအုပ်စုကို ခွဲခဲ့ကြသည်။ ဂျပန်ဗွီဒီယို သတင်းထောက်ကင်န်ဂျီနာဂိုင်အား တမင်ချိန်ရွယ်ကာပစ်သတ်ခဲ့ပြီး၊ မျက်မြင်သက်သေ များပြောချက်အရ အခြားယောက်ျားမိန်းမများကိုလည်း ပစ်သတ်ခဲ့ကြကြောင်းသိရသည်။ ထိုမြင်ကွင်းများက ကမ္ဘာသို့ပျံ့နှံ့သွားခဲ့သည်။ လုံထိန်းများနှင့် စွမ်းအားရှင်များက ဆန္ဒပြသူများအားရိုက်နက်ပြီး အကျဉ်းချခဲ့ကြသည်။ မွန်းလွဲပိုင်း ၂ နာရီလောက်တွင် ပန်းဆိုးတန်း၌ ၈၈အရေးအခင်းကျောင်းသားများ၏ ဒေါင်းခွပ်အလံကို ကိုင်ဆောင် ထားသောကျောင်းသားတယောက် ပစ်သတ်ခံရပြီး ပစ်သတ်မှုကြီးများ ဖြစ်ပွားခဲ့လေသည်။

စက်တင်ဘာလ ၂၇ တွင် အခြားသေကြေမှုဖြစ်ရပ်ကြီး တာမွေကျောင်း အမှတ် ၃ ရှေ့တွင်ဖြစ်ပွားခဲ့သည်။ စစ်သားများက ချီတက်သူများကို ဝိုင်းရံလိုက်ပြီး စစ်ကားများကို လူအုပ်ကြားထဲ တည့်တည့်မောင်းဝင်လာပြီး၊ ဆန္ဒပြသူ ၃ ယောက်ကို ပစ်သတ်ခဲ့သည်။ စစ် သားများက ထရပ်ကားများမှဆင်းလာပြီး လူအုပ်ကြီးကိုပစ်ခဲ့သည်။ မြောက်များစွာသော လူများသည် ထိုပစ်သတ်မှုကြီးတွင် အသတ်ခံခဲ့ရပြီး၊ စစ်သားများက ကျောင်းသားတယောက် ကျောင်းနံရံပေါ်သို့ပြေးတက်နေစဉ် နောက်ကျောကို သေနတ်ဖြင့် ပစ်ခဲ့ပြီး၊အမျိုးသား စာကြည့်တိုက်အနီးရှိ ဆောက်လုပ်ရေးနေရာသို့ပြေးနေသောယောကျ်ား ၃ ယောက်ကို ပစ်သတ်ခဲ့သည်။ စစ်သားများက ဆန္ဒပြသူများနောက်လိုက်ပြီး၊ လူများပြုံ နေသော ရေမြောင်းထဲသေနတ်များ ကိုပစ်ထည့်ခဲ့ပြီး၊ ရေမရှိသောတိုင်ကီထဲတွင် ပုန်းနေသော ဆန္ဒပြသူတယောက်ကို တမင်ချိန်ရွယ်ကာ ပစ်သတ်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များက ရာပေါင်းများစွာသော ဆန္ဒပြသူများကို အကျဉ်းချခဲ့ပြီး၊ အနီးရှိ အကျဉ်းထောင်များသို့မပို့မီ ရိုက်နက်ခဲ့ကြသည်။ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ကြီးက ဤတိုက်ခိုက်မှုတွင် အရပ်သား အနည်းဆုံး ၈ ယောက် သေဆုံးခဲ့ကြောင်း အတည်ပြုပြောဆိုသည်။

ထောင်ပေါင်းများစွာသောလူများက စက်တင်ဘာ ၂၈နှင့် ၂၉တွင် ဆန္ဒပြမှုများကို စည်းရုံးရန်ဆက်လက်ကြိုးစားကြသော်လည်း၊ နအဖက ထောင်ပေါင်းများစွာ သော စစ်သားများ၊ လုံထိန်းများ၊ နှင့် ပြည်သူ့စစ်များကို ရန်ကုန်မြို့တမြို့လုံးတွင် ထား ရှိခြင်းဖြင့် လမ်းများကိုနေရာယူထိန်းသိမ်းခဲ့သည်။ ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်အဖွဲ့များ၏ ပါဝင်အခန်းကဏ္ဍမှာ အလွန်အရေးကြီးသည်။ ရက်စက်ကြမ်းကြုတ်သော ပြည်သူ့စစ်များ က စုဝေးဖို့ကြိုးစားသောလူများကိုပင် ရိုက်နက်အကျဉ်းချခြင်းများကို လမ်းတိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြင့် နအဖအစိုးရအတွက်လုပ်ဆောင်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များက လက်နက်ခဲယမ်းကျည်စစ်များနှင့်ရာဘာကျည်ဆံများဖြင့် စုဝေးရန်ကြိုးစားသော ဆန္ဒပြသူများအား ဆက်တိုက်ပစ်သတ်ခဲ့သည်။

လမ်းများတွင် အရေးယူနှိမ်နင်းမှုကြီးဆက်လက်ဖြစ်နေစဉ်၊ လုံခြုံရေးတပ်ဖွဲ့များက ဘုန်းကြီးကျောင်းများနှင့် ဆန္ဒပြမှုများတွင် ပါဝင်သောအခြားမြို့များကို ဝင်စီးပြီး ထောင်ပေါင်းများစွာသော သံဃာတော်များကို အကျဉ်းချခြင်း၊ ဘုန်းကြီးကျောင်းများကို မကြာခဏ ဝင်ရောက်သိမ်းပိုက်ခြင်းများကို ပြုလုပ်ခဲ့သည်။ အကျဉ်းချခံရသော ဘုန်းကြီး များမှာ အကျဉ်းချရာ ဗဟိုများသို့ခေါ်ဆောင်ခံရပြီး၊ သင်္ကန်းချွတ်ခိုင်းခြင်းနှင့် မိမိတို့ ဇာတိမွေးရပ်မြေသို့ အတင်းအဓမ္မပို့ခြင်းများခံခဲ့ရသည်။ အကျဉ်းထောင်မှ ပြန်လွှတ်လာ သောသံဃာတော်များလည်း မိမိတို့ ဘုန်းကြီးကျောင်းများ ဝင်ရောက်သိမ်းပိုက်ခြင်းခံ လိုက်ရသောကြောင့် ဇာတိမွေးရပ်မြေသို့ မပြန်လာချင်ပဲ ပြန်လာခဲ့ရသည်။ သံဃာတော် များကို ကျယ်ပြန့်စွာ ဖမ်းဆီးအရေးယူမှုများ၊ သင်္ကန်းချွတ်ခိုင်းခြင်းနှင့် ဘုန်းကြီးကျောင်း များကို ဝင်ရောက်သိမ်းပိုက်ခြင်းများကြောင့်၊ ရန်ကုန်လမ်းများပေါ်မှ သံဃာတော် များအားလုံးနီးပါး ပျောက်ကွယ်သွားခဲ့သည်။ ဤအစီရင်ခံစာကို ဒီဇင်ဘာလဆန်း ပိုင်းလောက်တွင် ထုတ်ပြန် သည့် အချိန်တိုင်အောင် ဘုန်းကြီးကျောင်းများကို ဝင်ရောက် စီးနင်းခြင်းများ၊ သိမ်းပိုက်ခြင်းများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ နိုဝင်ဘာ ၂၇ တွင် အာဏာပိုင်များက ကိုယ်ခံအားကျဆင်းမှု အနာကြီးရောဂါလူနာသည်များကို ပြုစုပေးသည့် နည်းမည်ကြီး မဂ္ဂင်ဘုန်းကြီးကျောင်းကို ပိတ်လိုက်ရန်အမိန့်ပေးခဲ့သည်။ ဘုန်းကြီးအမြောက် အများမှာ အကျဉ်းထောင်များတွင် ဆက်လက် အကျဉ်း ချထားခြင်းခံရသည်။

သံဃာတော်များသာ ဖမ်းဆီးမှုကြီး၏ ပစ်မှတ်များမဟုတ်ပေ။ လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒပြပွဲများအတွင်း စုံစမ်းစစ်ဆေးရေးအရာရှိများက မှတ်တမ်းတင်ထားသော ဗွီဒီယိုများ၊ ဓါတ်ပုံများကို သုံးပြီး ဆန္ဒပြပွဲများတွင် ပါဝင်သည်ဟု ထင်ရသော မယုံသင်္ကာသမျှကို ချက်ချင်းစတင်ဖမ်းဆီးခဲ့ကြသည်။ ထိုကဲ့သို့သော ဖမ်းဆီးမှု လှုပ်ရှားမှုကြီးက နအဖ၏ ကြောက်ရွံ့မှုကို အထင်အရှားပြနေပြီး၊ ပြည်သူများ၏ ဘဝကို အပြည့်အဝ ဝင်ရောက်စွက် နိုင်အောင် ဖွဲ့စည်းထားသည့် ရယကများ၊ ပြည်ခိုင်ဖြိုး၊ စွမ်းအားရှင်အဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့များကို သုံးခြင်းဖြင့် နအဖက နိုင်ငံသားများကို အနီးကပ် စောင့်ကြည့် လေ့လာခွင့်နှင့် ခြိမ်းခြောက်မှုများပြုလုပ်နိုင်ခွင့်ကိုရရှိခဲ့ပြီး၊ မယုံသင်္ကာ သူမှန်သမျှကို ဖမ်းဆီးနိုင်ခဲ့သည်။ စက်တင်ဘာလ ဆန္ဒပြပွဲကတည်းက စနစ်ကျကျ လုပ်ဆောင်နေခဲ့ ခြင်းဖြစ်သည်။

အစိုးရပြန်တမ်းက လူ ၂၈၃၆ ကိုသာ အကျဉ်းချထားခဲ့ကြောင်းနှင့် ၉၁ ယောက်ကိုသာ အကျဉ်းချထားပြီဖြစ်ကြောင်းထုတ်ပြန်ထားသော်လည်း အမှန်တကယ်မှာမူ အကျဉ်းသား ဦးရေမှာ ထိုထက်ပိုများပြီး၊ ကျန်နေသေးသော အကျဉ်းသားများလည်း ထိုထက် ပိုများသည်။ အစိုးရိမ်ရဆုံးက နအဖမှ ဆန္ဒပြပွဲကတည်းက အစအန ပျောက်ဆုံးနေသော ရာပေါင်း များစွာသောလူများအကြောင်းကို ဖော်ပြခြင်းမရှိခဲ့ပေ။ မိသားစုများကလည်း မိမိတို့ ဆွေမျိုးသားချင်းများ သေလား၊ ရှင်လား၊ အဖမ်းခံရသည်လားပင် မသိနိုင်ပဲရှိနေသည်။

အကျဉ်းသားများသည် ယာယီခေတ္တအကျဉ်းထောင်များဖြစ်သော မြို့တော်ခန်းမ၊ ကျိုက္ကဆံ အားကစားကွင်း၊ အစိုးရနည်းပညာကောလိပ် စသည့် အသက်အန္တရာယ်နှင့် မကင်းသော၊ ကျန်းမာရေးနှင့် မကိုက်ညီသောနေရာများအကျဉ်းချခံရသည်။ လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးက ထိုနေရာများတွင် အနည်းဆုံး လူ ၇ ယောက် သေဆုံးပြီ ဖြစ်ကြောင်းနှင့် သေဆုံးသူဦးရေမှာ ထိုထက်ပိုများနိုင်ဖို့ အလားအလာရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။ အကျည်းသားများအားလုံးမှာ အခြေခံ စစ်ဆေးမေးမြန်းမှုများနှင့် ကြုံရပြီး၊ ဆန္ဒပြပွဲများတွင်

ပါဝင်သည်ဟု ထင်ရသူများ၊ အတိုက်အခံလှုပ်ရှားသူဟု ထင်ရသော မယုံသင်္ကာသူများအားလုံးကို အင်းစိန်ထောင်နှင့် အခြားနေရာများသို့ နောက်ထပ်စစ်ဆေးမှုများပြုလုပ်ရန် ပို့ခဲ့ကြသည်။ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ကြီး၏ တွေ့ရှိချက်အရ အင်းစိန်ထောင်နှင့်ယာယီခေတ္တအကျဉ်းထောင်များတွင် သိသာထင်ရှားသောညှင်းပမ်းနှိပ်စက်မှုများကို ပြုလုပ်ခဲ့ကြောင်းသိရသည်။ အကျဉ်းသားတယောက်မှာ အချိန်ကြာမြင့်စွာ ဖောက်ထိုးကြိုးဆွဲခံရပြီး အထိုးခံခဲ့ရသည်။ စစ်ဆေးမေးမြန်းချိန်အတွင်း တွင် အခြားလူပေါင်းများစွာ မေ့လဲသွားသည့်တိုင်အောင် ရိုက်ခဲ့ကြပြီး၊ စိတ်ဖိစီးမှုဒဏ်နှင့် အိပ်ရေးပျက်မှုဒဏ်များကို ခံခဲ့ရပြန်သည်။

ဘုန်းကြီးကျောင်းများကို ဝင်ရောက်စီးနင်းမှုများကဲ့သို့ပင်၊ ဖမ်းဆီးမှုများစွာကို ဤ အစီရင်ခံစာကို ဒီဇင်ဘာလဆန်းပိုင်းလောက်တွင် ထုတ်ပြန်သည့်အချိန်တိုင်အောင် ဆက်လက်လုပ်ခဲ့ကြကြောင်းသတင်းများကို လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ကြီးမှ နေ့စဉ်နီးပါး ရရှိနေခဲ့သည်။ နိုဝင်ဘာလဆန်းပိုင်းတွင် အာဏာပိုင်များက မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစုအဖွဲ့ကြီး၏ ခေါင်းဆောင်ဦးဂမ်ဘီရာကို ဖမ်းဆီးခဲ့ပြီး သစ္စာဖောက်မှုဖြင့် အရေးယူခဲ့သည်။ နိုဝင်ဘာလ ၁၃ တွင်၊ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးပိုင်းဆိုင်ရာ အထူးကိုယ်စားလှယ်တော် ပေါ်လိုဆာဂျီအို ပီနဲရိုးလ်ရန်ကုန်မြို့၌ ရှိနေစဉ်မှာပင် အလုပ်သမားအခွင့်အရေးလှုပ်ရှားနေသူ စုစုနွေးနှင့် သူမသူငယ်ချင်း ဘိုဘိုဝင်းလှိုင်တို့အား ဖမ်းဆီးခဲ့ကြသည်။ နိုဝင်ဘာလ ၂၀ တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်များအား ရန်ကုန်မြို့တွင် အကျဉ်းချခဲ့သည်။

သိန်းပေါင်းများစွာသောလူများက နိုင်ငံစစ်ဗိုလ်ချုပ်ကြီးများကို ဆန့်ကျင်ရာ၌ ရဲရင့် သောသတ္တိများကို ပြသခဲ့ကြသည်။ ဆန္ဒပြသူတွေ၏တောင်းဆိုချက်များမှာ ရိုးရှင်းသည်။ စစ်အုပ်ချုပ်ရေး အဆုံးသတ်စေရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေး စသည့်ကျန်ကမ္ဘာအတော်များများမှ
အလိုအလျောက်ရရှိသောအခြေခံအခွင့်အရေးများအဖြစ်သတ်မှတ်ထားသည်များကို တောင်းဆိုခဲ့ကြခြင်းသာဖြစ်သည်။ ဆန္ဒပြသူတွေ၏လိုလားချက်မှာ မြန်မာပြည်တွင် အကြမ်းဖက်မှု၊ ကြောက်ရွံ့မှုများဖြစ်စေသည့် ညှင်းပမ်းနှိပ်စက်ခြင်းတို့မှ ကင်းဝေးပြီးနေထိုင်ခွင့်ရရန် ဖြစ်ပုံရသည်။ သူတို့အနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်များရရှိပြီး၊ ညှင်းပမ်းနှိပ်စက်မှု၊ အကျဉ်းချမှု၊ ဖမ်းဆီးမှုတို့အားကြောက်စရာမလိုဘဲ လွတ်လပ်စွာဆန္ဒပြပိုင်ခွင့်ရရှိရန် အလိုရှိကြပုံရသည်။ နိုင်ငံစစ်ဗိုလ်ချုပ်ကြီးများက ပေါ်တင်အာဏာဖီဆန်မှုများအပေါ်တုံ့လှုပ်သွားပြီး၊ သွေးထွက်သံယို ညှင်းပန်းနှိပ်စက်မှုများဖြင့် တုံ့ပြန်ခဲ့ပြီး၊ ဝေဖန်သံများအားလုံးကို ငြိမ်သက်ပြီး၊ "ပုံမှန် အနေအထား" သို့ ရောက်ရှိရန် အလွန်လိုလားတောင့်တနေ ကြသည်။ မြန်မာပြည်ရှိ "ပုံမှန် အနေအထား" ဆိုသည်မှာ အာဏာရှင်ဆန်သောအုပ်ချုပ် ရေးနှင့် နေရာအနှံ့ လူ့အခွင့်အရေးချိုးဖောက်များပင် ဖြစ် သည်။

မြန်မာပြည်အစိုးရသည် ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် ရက်စက်သော အရေးယူနှိမ်နင်းမှုကြီးသုံးခဲ့ခြင်းနှင့် လူ့အခွင့်အရေးများကိုချိုးဖောက်ခဲ့ခြင်းများပတ်သက်၍ မည်သည့်ပြောဆိုချက်မျှ မပြုလုပ်ခဲ့ချေ။ ဤကဲ့သို့သောဖြစ်ရပ်များမှာ သူတို့အတွက် အဆန်းပင်မဟုတ်တော့ပေ။ ၁၉၉၀ ရွေးကောက်ပွဲများကို ဖျက်သိမ်းပြီးက တည်းက မိတ်ဆွေ၊ ဝေဖန်သူများထံမှ ထောက်ခံအကြံပြုချက်များကို ဥပက္ခာပြုနေခဲ့သည်။

အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများက အရေးယူနှိမ်နင်းမှုကြီးအပေါ် ကွဲပြားစွာ တုံ့ပြန်ခဲ့ကြသည်။ အရေးယူနှိမ်နင်းမှုကြီး ပြီးပြီးချင်းတွင်၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေး အဖွဲ့က အထူးသံတမန် အီဘရာဟင်မ်ဂမ်ဘာရီအား စေလွှတ်ခဲ့ပြီး၊ ပြည်သူ့ကြားနာမှု တရပ်နှင့် လုံခြုံရေးအဖွဲ့၏ သမ္မတ အဆိုပြုချက်က မြန်မာနိုင်ငံအခြေအနေအား စိုးရိမ်မကင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့ကြသည်။ ပြည်သူလူထု အုပ်ချုပ်မှုကို ပြန်လည်ထူထောင်ရေးနှင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများကို လုပ်ဆောင်ရန် တိကျသေချာခိုင်မာသောအဆင့်များကို တောင်းဆိုခြင်း၊ လက်နက်ပိတ်ဆို့ရေးနှင့် ငွေရေးကြေးရေးပိတ်ဆို့မှုများနှင့် အခြား ပိတ်ဆို့မှု များကို လုပ်ဆောင်မှသာလျှင် ပိုမိုထိရောက်အောင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အမေရိကန်

အစိုးရက ပိတ်ဆို့မှုများအသစ်ကိုကြေငြာခြင်း၊ အာဆီယံ၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်နိုင်ငံများအားဖိအားပေးခြင်းဖြင့်
ပြင်းထန်စွာတုန့်ပြန်ခဲ့သည်။ ဥရောပသမဂ္ဂမှ ပိတ်ဆို့မှုများနှင့် ပြင်းထန်စွာရှုံ့ချမှုများကိုပြုလုပ်ခဲ့သော်လည်း
မြန်မာခေါင်းဆောင်များကို တကယ်ထိရောက်အောင်လုပ်နိုင်မည့် စီးပွားရေးပိတ်ဆို့မှုများကိုပြုလုပ်ရန်မှာ
မသေချာပေ။

တရုတ်က အထူးသံတမန် အီဘရာဟင်မ်ဂမ်ဘာရီနှင့် အထူးကိုယ်စားလှယ်တော် ပေါ်လိုဆာဂျီအိုပီနဲရိုးလ်တို့အား
မြန်မာပြည်သို့ အလည်အပတ်ခွင့်ပေးရန်နှင့် အောင်ဆန်းစုကြည်ကိုလက်ခံတွေ့ဆုံရန်
မြန်မာအစိုးရအားဖိအားပေးခဲ့သော်လည်း၊ ကုလသမဂ္ဂလုံခြုံရေးအဖွဲ့က မြန်မာပြည်အား
နောက်ထပ်အရေးယူမှုများပြုလုပ်ခြင်းကို ဆန့်ကျင်သည်ဟု မကြာသေးခင်ကပင် ပြောကြားခဲ့သည်။
တရုတ်ပြည်သည် နအဖကို ကာကွယ်သူဖြစ်ပြီး၊ ပြဿနာပင်ဖြစ်သည်။ အာဆီယံအဖွဲ့က အရေးယူနိမ်နှင်းမှုကြီးဖြစ်
ပွားစဉ်တွင် ပြင်းထန်သောရှုံ့ချမှုကိုပြခဲ့ကြသော်လည်း၊ စင်ကာပူတွင် ပြုလုပ်ခဲ့
သော ၄င်းတို့ဧ၏နှစ်ပတ်လည်အစည်းအဝေးတွင် ဝေဖန်ပြစ်တင်မှုများကိုရပ်နားခဲ့ရုံသာမက ဂမ်ဘာရီမှ
ခေါင်းဆောင်များအား အကျဉ်းချုပ်တင်ပြနိုင်ခွင့်ကိုပင် မပေးခဲ့ချေ။ အိန္ဒိယမှာမူ အရေးယူ
နိမ်နှင်းမှုကြီးအပေါ်တုံ့ပြန်မှုမရှိသည့်အပြင်၊ ၄င်းဧ၏ စီးပွားရေးရှုကိုသာရှေးရှု ပြီး၊ ၄င်းကထောက်ခံခဲ့သော
ငြိမ်းချမ်းသောဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအ
ပေါ် တရုတ်နှင့်အပြိုင် နအဖအား လွှမ်းမိုးနိုင်အောင် ကြိုးပမ်းနေခဲ့သည်။ အခြား အဓိကျသော ဂျပန်နိုင်ငံကလည်း
၄င်းဧ၏ပင်ကိုယ်နည်းတူ လျော့ရဲစွာတုံ့ပြန်ခဲ့သည်။ ၄င်းက ကူညီမှုတချို့ကိုပင် ဂျပန်လူထုက
မိမိတို့သတင်းထောက်ကို သတ်သည့်အပေါ် ဒေါသထွက်ခါမှ ဖြတ်ခဲ့ခြင်းဖြစ်သည်။

“ပြောင်းလဲမှုဟာ အထဲကနေလာရမယ်” ဆိုခြင်းသည် မှန်သလောက်ဖြစ်သည်။ ငြိမ်းချမ်း
စွာဆန္ဒပြသူများလိုချင်သည်က ပြောင်းလဲမှု၊ ရရှိလာသည်က အကြမ်းဖက်မှုနှင့် ညှင်းပန်းနှိပ်စက်မှုများဖြစ်ခဲ့သည်။
ထို့ကြောင့် ယခုအချိန်သည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများမှ
အရေးယူလုပ်ဆောင်သွားရမည့်အချိန်ဖြစ်သည်။ နိုင်ငံခြားငွေ၊ ရင်းနှီးမြှပ်နှံမှု၊ကုန်သွယ်ရေးနှင့်လက်နက်များအတွက်
ပြင်ပကို မှီခိုနေသည့်  မြန်မာပြည်အား အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှု
များရှိလာအောင်လုပ်ဆောင်သွားနိုင်သည်။

စိုးရိမ်ပူပန်သောနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့များသည် အရေးယူနိမ်နှင်းမှုကြီးကို
တညီတညွတ်တည်း ကဲ့ရဲ့ရှုံ့သင့်ပြီး၊ ညှင်းပန်းနှိပ်စက်မှုများကို ရပ်စေရန်တောင်းဆိုခြင်း၊ မြန်မာပြည်တွင်
အခြေခံလူ့အခွင့်အရေးများကို လေးစားရန် အားပေးခြင်း၊ အပြည်ပြည်ဆိုင်ရာကော်မရှင်မှ
အရေးယူနိမ်နှင်းမှုကြီးအတွင်းဘာတွေ ဖြစ်ပျက်ခဲ့သည်ကိုလေ့လာစုံစမ်းစစ်ဆေးသွားရန် တောင်းဆိုခြင်း၊
လက်နက်ပိတ်ဆို့ရေး၊ အစိုးရနှင့်ခေါင်းဆောင်များအပေါ် ငွေရေးကြေးရေးပိတ်ဆို့မှုများနှင့် အခြားပိတ်ဆို့မှုများ ကို
လုပ်ဆောင်ခြင်းများကို ပြုလုပ်သွားရမည်ဖြစ်သည်။ မြန်မာပြည်တွင် အခြေခံပြောင်းလဲမှုများ ပေါ်ပေါက်လာရန်
လိုအပ်နေသည်။ ထိုပြောင်းလဲမှုများဖြစ်ပေါ်လာအောင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများ အထူးသဖြင့်ဂျပန်၊
ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ စင်ကာပူနိုင်ငံများနှင့် အခြားလှုပ်ရှားသူများမှ လုပ်ဆောင်သွားရန်လိုအပ်နေသည်။
ယခုအချိန်တိုင်အောင် ထိုလက္ခဏာများကို မတွေ့ရသေးပေ။

အစိုးရကိုထောက်ခံသော အာဏာပါဝါအရှိဆုံးနိုင်ငံဖြစ်သော တရုတ်မှာ အဓိကသော့ချက် ဖြစ်သည်။ ၂၀၀၇
ဇန်နဝါရီလတွင် ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့မှ မြန်မာပြည်အပေါ် ထုတ်ပြန်သော ဆုံးဖြတ်ချက်ချမှုကို တရုတ်က
ဗီတိုအာဏာသုံးပြီး ငြင်းပယ်ခဲ့သည်။ ဆက်လက်ပြီးလည်း တရုတ်မှ ဆုံးဖြတ်ချက်ချမှုများကို
တားမြစ်နေမည်ဖြစ်ကြောင်း သိသာထင်ရှားသည်။ တရုတ်အနေဖြင့် ထိုကဲ့သို့ရက်စက်ကြမ်းကြုတ်သော အာဏာရှင်
အစိုးရအားထောက်ခံခြင်းဖြင့် ရရှိလာနိုင်သောကွင်းဆက် အန္တရာယ်များကို နားလည်သင့် သည်၊ အထူးသဖြင့်
၂၀၀၈ ကမ္ဘာ့အိုလံပစ်ကို လက်ခံမည်အချိန်တွင်နားလည်သင့်
သည်။

ယခုအချိန်သည် မြန်မာပြည်အနာဂတ်အတွက် အလွန်အရေးကြီးသော အချိန်ဖြစ်သည်။ ညှင်းပန်းနှိပ်စက်မှုများနှင့် ဖိနှိပ်မှုကြားတွင် ညှပ်နေပြီး အနာဂတ်တွင် ဤကြိုးပမ်းချက် များ၏ ရလဒ်မှာမသေချာသေးဘဲဖြစ်နေသည်။ သမိုင်းက မြန်မာလူမျိုးများ ခံစားနေရသောဝေဒနာဒုက္ခများကို မဆိုစလောက် ဘာမျှလုပ်ပေးခြင်းမရှိသည့် အင်အားကြီးသော မြန်မာပြည်၏ အိမ်နီးချင်းနိုင်ငံများသည့် ထိုင်း၊ အိန္ဒိယ၊ တရုတ်များအပေါ် ပြင်းထန်သောတရားသူကြီးလုပ်လိမ့်မည်။ ထိုင်း၊ အိန္ဒိယ၊ တရုတ်များက ဗိုလ်ချုပ်များကို ကာကွယ်ပေးနေသရွေ့တော့၊ အမှန်တကယ်ပြန်ဖြစ်လာသည့် လူထုဆူပူအုံကြွမှုများ ပြန်ပေါ်လာသည့်အထိ မြန်မာအစိုးရသည် အားလုံးကို ကျော်လွှားနိုင်မည်ဖြစ်သည်။

## လူသားချင်းစာနာထောက်ထားကူညီမှုများ

လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးမှ မြန်မာပြည်သို့လူသားချင်း စာနာထောက်ထားကူညီမှု အမြောက်အများအား အလှူရှင်များမှ တိုးမြှင့်ပေးပြီး၊ အခြေခံလိုအပ်ချက် များဖြစ်သော စား၊ဝတ်၊နေရေး၊ ကျန်းမာရေးများကို ဖြည့်ဆည်းပေးရန် အရေးတကြီး အကြံပြုသည်။ သို့သော်လည်း၊ တိုကူညီမှုများကို လိုအပ်သော အခြေအနေများအားလုံးကိုလုပ်ပြီးမှ သာလျှင် ပေးသင့်သည်။ ထိုအခြေအနေများကို လုပ်နိုင်ရန် အစိုးရမှ

- လွတ်လပ်ပြီး လုပ်ငန်းသဘာဝဆန်သော ခွဲဝေမှုများကို လုပ်သည့် လူသားချင်းစာနာထောက်ထားကူညီမှုများအား ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ပါဟူသော ပြည်သူကတိဝန်ခံချက်တာဝန်ယူချက်များကိုလုပ်ရမည်။

လူသားချင်းစာနာထောက်ထားကူညီမှုများကို ထိထိရောက်ရောက်လုပ်ဆောင်သွားနိုင်ရန်၊ အလှူရှင်များက

- လူသားချင်းစာနာ ထောက်ထားကူညီမှု ခွဲဝေမှုများကို များအား လွတ်လပ်စွာဖြင့်၊ အစိုးရမှ ဝင်ရောက်စွက်ဖက်မှုမခံရဘဲလုပ်ဆောင်နိုင်မှုရှိမရှိကို သေချာအောင်စုံစမ်း လုပ်ဆောင်သွားရမည်။
- အစိုးရက ထိန်းချုပ်မှုကိုတိုးချဲ့စေရန်ရည်ရွယ်ချက်များဖြင့် ထောက်ပံ့မှုများကို ကြိုးဆွဲကိုင်တွယ်ခြင်း၊ လွတ်လပ်သောနည်းဖြင့်သော်၄င်း၊ ဘက်လိုက်စွာဖြင့်သော်၄င်း ဝင်ပါမှုများအားလုံးကို ဆန့်ကျင်ရမည်။
- စီမံကိန်းအသေးများကို လုပ်ဖို့အတွက် တုံ့ပြန်ရန် အဆင်သင့်ရှိပြီး၊ အထူးသဖြင့် ဝေးခေါင်သော နေရာများသို့ သွားရောက်ကြည့်ရှုမှုများအပေါ်ကို နားလည်မှု ပေးရန်နှင့် ပြည်သူ့အရပ်သားလူ့ဘောင်အဖွဲ့အစည်းတွင် လုပ်ဆောင်ရာတွင် အရှင်သဘောဖြင့် ကိုင်တွယ်ရမည်။
- နေရပ်အတွင်းအတည်တကျမရှိပဲလှည့်လည်တိမ်းရှောင်နေသူများအားလူသားချင်း စာနာထောက်ထားကူညီမှုများပေးရန်နှင့် အစိုးရနှင့် ငြိမ်းချမ်းရေးမယူထားသော တိုင်းရင်းသားအဖွဲ့ များနှင့် အတူပူးပေါင်းဆောင်ရွက်ရမည်။ လုပ်ဆောင်ကြိုးပမ်းမှုများအားလုံးသည် နေရပ်အတွင်းအတည်တကျမရှိပဲလှည့် လည်တိမ်းရှောင်နေသူများအား ကူညီရန် ဆွေးနွေးပွဲများကို ဖြစ်စေသင့်သည်။ ယင်းကို အရပ်သားပြည်သူများအား ကာကွယ်ရန် လွတ်လပ်ပြီး ဘက်လိုက်မှု မရှိသော လူသားချင်းစာနာ ထောက်ထားကူညီမှု စိတ်ဓာတ်ဖြင့် လုပ်ဆောင် သင့်သည်။
- တိုက်ပွဲများနှင့် ငြိမ်းချမ်းရေးနယ်မြေများတွင် လူသားချင်းစာနာ ထောက်ထား ကူညီမှုများအား မည်သို့လုပ်ပေးနိုင်မည်ကို သိရှိသင်ခန်းစာယူနိုင်ရန် ကျန်းမာရေး၊ ပညာရေး၊ စားသောက်ရေး၊ အသက်ဝမ်းကျောင်းရေး၊ ကိုယ်ခံအားကျဆင်းမှု အနာကြီးရောဂါများ၊ အိမ်ယာမြေပိုင်ဆိုင်မှုအခွင့်အရေးများ၊ မြေမြှုပ်ဗုံးများ၊ စိုက်ပျိုးရေး၊ မိန်းမ ယောက်ျားတို့အကြား ၄င်းတို့ရရှိထားသော လူမှုအခန်းကဏ္ဍများပေါ်တွင်မူတည်၍ စည်းခြားထားခြင်း (ဂျင်န်ဒါ)၊

ကလေးများနှင့် အခြားအခြေခံလိုအပ်ချက်များအား လှေလာမှုများ၊ လူထုဆန္ဒပြခံယူပွဲများ ပြုလုပ်သွားရန် ထောက်ပံ့ကူညီပေးပါ။

- တိကျသောသတင်းများလစ်ကွာဟနေမှုများနှင့် လူသားချင်းစာနာမှု ကာကွယ်မှု လိုအပ်ချက်များကို သိရှိနိုင်ရန် ပါဝင်မှု၊ သုတေသနအစီအစဉ်များကို တိုးတက်အောင်လုပ်ပါ။

## ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့သို့

- ဒီမိုကရေစီနှင့်အညီအရပ်သားပြည်သူအုပ်ချုပ်ရေးကို အမြန်ဆုံးလုပ်သွားနိုင်ရန် ပြည်သူ့အရပ်သားလူ့ဘောင်အဖွဲ့အစည်း၊ ဗုဒ္ဓဘာသာသံဃာတော်များ၊ လူမှုရေးနှင့်နိုင်ငံရေးလှုပ်ရှား သူများ၊ တိုင်းရင်းသားလူမျိုးအုပ်စုများ၏ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအဖွဲ့ အစည်းများနှင့် အတူ လေးနက်၍ ပုံစံကျသော အချိန်ကန့်သတ်ထားရှိထားသော ညှိနှိုင်းဆွေးနွေးမှုများကို တောင်းဆိုပါ။
- မြန်မာပြည်သို့ တင်ပို့ရောင်းချနေသော လက်နက်များအားလုံးအပေါ် ပိတ်ဆို့မှုများကို ချက်ချင်းလုပ်ဆောင်သွားပါ။
- မြန်မာပြည် ဓာတ်ဆီများနှင့် ဂက်စ်များတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များပြုလုပ်မှု ကို ပိတ်ပင်ရန် ဆုံးဖြတ်ချက်ချမှုများ ပြုလုပ်ပါ။
- မြန်မာ စစ်တပ်ကပိုင်သော (သို့) ထိန်းချုပ်ထားသော လုပ်ငန်းများ၊ စစ်တပ်ပိုင်းဆိုင်ရာများကို ထောက်ပံ့ရန် သုံးသော အခွန်တော်ငွေများနှင့် စီးပွားရေးဝယ်ယူရောင်းချမှုများကို ပိတ်ပင်ရန် ဆုံးဖြတ်ချက်ချမှုများ ပြုလုပ်ပါ။
- စစ်တပ်များနှင့် စစ်တပ်အဖွဲ့ဝင်များတွင်ပါဝင်နေသည့်ကလေးများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကော်စီဆုံးဖြတ်ချက်များ နံပတ် ၁၅၃၉၊ ၁၆၁၂ အရ၊ နအဖမှ ကလေးစစ်သားစုဆောင်းခြင်း၊ အသုံးပြုခြင်းကို ရပ်စေရန် တိုင်းတာမှု များကို ပြုလုပ်သွားပါ။
- မြန်မာပြည်အခြေအနေများနှင့် ပတ်သက်၍ လူထုဆွေးနွေးမှုများကို ပြုလုပ်ပါ၊ ကောင်စီ၏ကိုယ်စား နောက်ထပ်ပြည်သူ့ အဆိုပြုချက်များကို ထုတ်ပြန်ပါ၊ အောက်တိုဘာ ၁၁ တွင် ထုတ်ပြန်သော ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကော်စီသမ္မတ၏ အဆိုပြုချက်များကို ပံ့မှန်လိုက်ပေးမှုများ ပြုလုပ်ပါ။ ထိုအဆိုပြုချက်က ဒေါ်အောင်ဆန်းစုကြည်၊ ပါတီအဖွဲ့အစည်းများ ၊တိုင်း ရင်း သားအဖွဲ့များနှင့်အတူ စစ်မှန်သော ဆွေးနွေးမှုများ ပြုလုပ်သွားရန်၊ ကျန်ရှိနေ သောနိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရန်တောင်းဆိုထားသည်။ သည်တောင်းဆိုထားချက်များမှ တခုမျှပြီးမြောက်ထားခြင်းမရှိချေ။
- နိုင်ငံအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးဆိုးရွားရွား ဖြစ်နေမှုကို ထုတ်ဖော်ထောက်ပြပြီး၊ ကောင်စီ၏ တောင်းဆိုချက်များကို လုပ်ဆောင်ရန် ကျဆုံးမှုတို့အား နအဖအစိုးရကို သေချာစွာ ပြောဆိုထောက်ပြရန် ဆုံးဖြတ် ချက်ချမှုများ ပြုလုပ်ပါ။
- ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးပိုင်းဆိုင်ရာ အထူးကိုယ်စားလှယ်တော် ပေါ်လိုဆာဂျီအို ပီနဲရိုးလ်အား ကောင်စီသို့ တင်ပြနိုင်ရန်နှင့် ကောင်စီအဖွဲ့ဝင် များမှ ပီနဲရိုးလ် ၂၀၀၇ နိုဝင်ဘာခရီးစဉ်အတွင်း  ရှာဖွေတွေ့ရှိချက်များအား တိုက်ရိုက်နားထောင်နိုင်ရန် ဖိတ်ခေါ်ပါ။
- အထူးသံ တမန် အီဘရာဟင်မ်ဂမ်ဘာရီအလည်အပတ်ခရီးစဉ်အတွင်း နအဖအစိုးရ၏ ထုချေပြောဆိုချက်များကို ရပ်တန့်စေရန် တောင်းဆိုပါ။ "ဝန်ခံလုပ်ဆောင်ချက်များတွင် လက်တွေ့အလုပ်အကိုင်ပါရမည်" ဟု ဆိုထားသော လုံခြုံရေးကော်စီသမ္မတ၏ အဆိုပြုချက်များအပေါ် အခိုင်အမာတိုက်တွန်းပြောဆိုပါ။
- ၈၈အရေးအခင်းကျောင်းသားများ၊ ၁၉၉၀ရွေးကောက်ထားသော ပါလီမန်အမတ်များ၊ သံဃာတော်များနှင့် အကျဉ်းသားများအပါအဝင် ကိုယ်စားလှယ်များအားလုံးကို ဂမ်ဘာရီနှင့်တွေ့ခွင့်ပေးရန် တောင်းဆိုပါ။

- မြန်မာအစိုးရမှ သဘောတူလုပ်ဆောင်ချက်အနည်းငယ်များမှာ အပြည်ပြည်ဆိုင်ရာဖိအားပေးမှုကို တုံ့ပြန်မှုများကြောင့်ဖြစ်သည်ကို နားလည်ရမည်။ ထိုအသေးအဖွဲ့သဘောတူညီလုပ်ဆောင်ချက်များက လုံခြုံရေးကောင်စီ၏ အရေးပါပုံကို ဖော်ပြနေသည်။
- နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားကူညီမှုအဖွဲ့အစည်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာလုပ်ဆောင်မှုများအပေါ် အစိုးရမှ မလိုအပ်သော၊ တင်းကျပ်သော ပိတ်ပင်တားဆီးချက်များထားရှိထားမှုကို ရပ်တန့်စေရန် တောင်းဆိုပါ။

## ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးနှင့် အထူးသံတမန် အီဘရာဟင်မ်ဂမ်ဘာရီသို့

- ပြည်သူ့အရပ်သားလူ့ဘောင်အဖွဲ့အစည်းများ၊ ဗုဒ္ဓဘာသာသံဃာတော်များ၊ လူမှုရေးနှင့်နိုင်ငံရေးလှုပ်ရှားသူများ၊ တိုင်းရင်းသားလူမျိုးအုပ်စုများ၏ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအဖွဲ့ အစည်းများနှင့် အတူ လေးနက်၍ ပုံစံကျသော ညှိနှိုင်းဆွေးနွေးမှုများကို လုပ်ဆောင်သွားရန် မြန်မာအစိုးရအားဖိအားပေးပါ။
- ထိုလုပ်ဆောင်ချက်များကို နအဖကလုပ်ဆောင်ရာတွင် တိကျသေချာသော တိုးတက်ပြောင်းလဲမှုများကို လုပ်မည့်အစား၊ မြန်မာအစိုးရနှင့် ၎င်းနှင့်အနီးစပ်ဆုံး သံတမန်လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် တရုတ်နိုင်ငံတို့က အချိန်ဆွဲဖို့ရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအား ၎င်းတို့လိုချင်သောအရာများအတွက် ဆွေးနွေးမှုသို့ မြှားခေါ်ရန်မဖြစ်စေဖို့ ကြပ်မတ်ဆောင်ရွက်သွားရမည်။
- ပြည်သူ့ဆွေးနွေးမှုများဆက်လက်ပြုလုပ်ရန်နှင့် လုံခြုံရေးကောင်စီအဖွဲ့မှ အဆိုပြုချက်များကို ဆက်လက်ထုတ်ပြန်ရန် တိုက်တွန်းနိုးဆော်ပါ။ လူ့အခွင့်အရေး၊ နိုင်ငံရေးအခြေအနေများကို ထုတ်ဖော်ပြောကြားရန် မြန်မာအစိုးရကို ဖိအားပေးဖို့ရန် ပြည်သူ့အဆိုပြုချက်များကို ဆက်လုပ်ထုတ်ပြန်ပါ။

## ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့

- ဒီဇင်ဘာ ၂၀၀၇ အထူးကိုယ်စားလှယ်တော်၏ အစီရင်ခံစာကို အတည်ပြုပါ။
- အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းပြီး မြန်မာအစိုးရမှ လောလောလတ်လတ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်များအကြောင်း ပြည့်စုံစွာ ရှင်းပြချက်ပေးရန် မြန်မာအစိုးရအား တောင်းဆိုပါ။
- အထူးကိုယ်စားလှယ်တော်၊ စုံစမ်းစစ်ဆေးရေး ကော်မရှင် (သို့) အထူးနည်းလမ်း များဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးများကို အနာဂတ်ပြုလုပ်ရာတွင် မြန်မာအစိုးရမှ ပူးပေါင်းဆောင်ရွက်မှုရှိရန်နှင့်၊ အကျဉ်းထောင်များအပါအဝင် ကိုယ်စားလှယ်တော် သွားရောက်လိုသည့် နေရာများ၊ နိုင်ငံရေးအကျဉ်းသားများ အပါအဝင် လူအားလုံးနှင့် လွတ်လပ်စွာတွေ့ နိုင်ဖို့ ခွင့်ပြုရန် တောင်းဆိုပါ။

## ဩစတြီးလျနိုင်ငံအစိုးရထံသို့

အောက်တိုဘာ ၂၄ ၂၀၀၀၇ တွင် ဩစတြေးလျအစိုးရမှ နအဖအစိုးရနှင့် ၎င်းတို့အား ထောက်ခံသူများအပေါ် တင်းကျပ်ပြင်းထန်သော စီးပွားရေးပိတ်ဆို့မှုများကို ဩစတြေးလျဥပဒေ အောက်တွင် ပြုလုပ်ခဲ့သည်။ဘဏ် (နိုင်ငံခြားငွေ လဲလှယ်မှုနှုန်း) ဥပဒေ ဆုံးဖြတ်ချက်အမှတ် ၁၉၅၉ အောက်ရှိ ပေါ်လစီအရ ဩစတြေးလျာဘဏ္ဍာရေးဘဏ်မှ ခွင့်ပြုချက်မရဘဲ လူ ၄၁၈ ယောက်အား ငွေလွှဲပြောင်းမှုမပေးရန် ပိတ်ပင်ထားသည်။ ထို လူများစာရင်းတွင် တာဝန်ထမ်းဆောင်နေဆဲ (သို့) အငြိမ်းစားယူထားသော နအဖနှင့် အစိုးရ အရာခံများ၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများ၊ ပြည်ခိုင်ဖြိုး ခေါင်းဆောင်များ၊ စစ်အစိုးရနှင့် အနီးကပ်လုပ်ဆောင်သူများ၊ "အစိုးရ စီးပွားရေးပေါ်လစီမှ အထောက်အပံ့ရနေသူများ" ပါဝင်သည်။ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ ကလည်း ဩစတေးလျအစိုးရအား အကြံပေးလိုသည်များမှာ

- အထက်ပါ စီးပွားရေးပိတ်ဆို့မှုများကို ဩစတြေးလျဘဏ်များနှင့် ကုမ္ပဏီများမှ လိုက်နာမှုရှိအောင် ကြတ်မတ်ဆောင်ရွက်သွားပါ။
- မြန်မာရဲများနှင့် စစ်တပ်အရာရှိများအား ဩစတြေးလျမှ ထောက်ပံ့ထားသည့် အများစုပေါင်းသော နိုင်ငံတကာရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများအား တန်ပြန်နှိမ်နင်းမှု သင်တန်းများပေးခြင်းသည် ဖိနှိပ်ချုပ်ချယ်မှုတွေကိုကျင့်သုံးသည့် မြန်မာလုံခြုံရေးတပ်များအား တရားဝင်တံဆိပ်များ ပေးအပ်နေသည်နှင့် တူသောကြောင့် သင်တန်းပေးနေခြင်းကို ရပ်တန့်ပါ။
- ဩစတြေးလျ ဖယ်ဒရယ်ရဲနှင့်အတူ မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် ကူးသန်းရောင်းဝယ်မှုများအား ဆန့်ကျင်ရာတွင် လုပ်ဆောင်နေသည့် မြန်မာရဲ များ၊ စစ်တပ်များ၊ အစိုးရအရာရှိများက လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကင်းစင်မှုရှိမရှိ သေချာစွာစစ်ဆေးသည့် နည်းလမ်းများကို ထားရှိပါ။ မြန်မာပြည်ထဲတွင်အလုပ်လုပ်သော ဩစတြေးလျ အရာရှိများက လူ့အခွင့်အရေးချိုးဖောက်မှုများကို တင်ပြနိုင်ရန် ပုံစံနည်းလမ်းများကို ထားရှိပါ။
- မြန်မာလူများအား အကူအညီများကိုပေးရန်အတွက် လူသားချင်းစာနာ ထောက်ထားကူညီမှုများပေးရန် သဘောတူရမည်။ အထက်ပါအကြံပြုချက်များကိုလည်း လိုက်နာဆောင်ရွက်ပါ။
- မြန်မာပြည် ပြင်ပများတွင်ရှိသော ဒုက္ခသည်များ ထိုင်းနိုင်ငံရှိ ဒုက္ခသည်ပေါင်း ၁၅၀၊၀၀၀နှင့်တိုက်ပွဲဖြစ်ပွားရာနေရာများတွင် မြန်မာပြည်ထဲတွင် နေရပ်အတွင်း အတည်တကျ မရှိပဲလှည့်လည်တိမ်းရှောင်နေသူများ ၅၀၀၊၀၀၀ ခန့်အား ကူညီမှုများကို တိုးမြှင့်ပေးပါ။
- မြန်မာပြည်ဒုက္ခသည်များအား ယခင်ထက်ပိုများလက်ခံပါ။ အိမ်နီးချင်းနိုင်ငံများ ဖြစ်သော ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ စင်ကာပူ၊ ဘင်ဂလားဒေ့ရှ်၊ မလေးရှား နိုင်ငံများကို ဒုက္ခသည်များဆိုင်ရာ သဘောတူစာချုပ် ၁၉၅၁ မှ လိုက်နာရမည့်တာဝန်များကို လုပ်ဆောင်ရန် ဖိအားပေးပါ။

# တရုတ်အစိုးရထံသို့

မြန်မာပြည်၏ အရေးကြီးဆုံးနှင့် ပါဝါအရှိဆုံး၊ အဓိက ရင်းနှီးမြှုပ်နှံသူနှင့် လက်နက်များကို ထောက်ပံ့ပေးသည့်၊ သံတမန်ပိုင်းဆိုင်ရာတွင် ကာကွယ် စောင့်ရှောက်ပေးနေသည့် တရုတ်တွင် အထူးတာဝန်များရှိသည်။
တရုတ်ပြည်သည်–

- မြန်မာပြည်သို့ တရုတ်နိုင်ငံမှ လက်နက်များတင်ပို့နေမှုကို ချက်ချင်းပိတ်ဆို့ ရန်နှင့် စစ်သင်တန်းများ၊ သွားလာရေး၊ အကူအညီပေးမှုများ၊ ပူးပေါင်းဆောင် ရွက်နေမှုများအားလုံးကို ရပ်ဆိုင်းပါ။
- မြန်မာပြည် ပြဿနာအခြေအနေများအား ဖြေရှင်းရန် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့မှ ဆုံးဖြတ်ချက်ချမှတ်မှုများအား ဗီတိုအာဏာသုံး ပြီးပိတ်ပင်မှုများ ပြုလုပ်နေခြင်းကို ရပ်ပါ။

- မြန်မာပြည်အပေါ် အများစုပေါင်းပြီး ပိတ်ဆို့အပြစ်ပေးမှုများလုပ်ရန်အတွက် အခြား လုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့် အပြုသဘောနည်းဖြင့် ပူးပေါင်းဆောင်ရွက်ပါ။
- လုံခြုံရေးကောင်စီအဖွဲ့က ပိတ်ဆို့အပြစ်ပေးမှုများမပြုလုပ်သောအခါတွင် လည်း၊ (အခြားနိုင်ငံများနှင့်အတူ) တရုတ်က အထက်ပါခြေလှမ်းအဆင့်များကို လုပ်နိုင်ရန် ပိတ်ဆို့အပြစ်ပေးမှုများကို လုပ်ဆောင်သွားပါ။
- အသစ်ရင်းနှီးမြှုပ်နှံမှုများနှင့် မြန်မာပြည်မှ လက်ရွေးစင် သွင်းကုန်များယူနေ ခြင်းကို ရပ်ဆိုင်းပါ။
- မြန်မာ စစ်တပ်ကပိုင်သော (သို့) ထိန်းချုပ်ထားသော လုပ်ငန်းများ၊ စစ်တပ်ပိုင်းဆိုင်ရာများကို ထောက်ပံ့ရန် သုံးသော အခွန်တော်ငွေများနှင့် စီးပွားရေးဝယ်ယူရောင်းချမှုများကို ပိတ်ပင်ရန် ဆုံးဖြတ်ချက်ချမှုများ ပြုလုပ်ပါ။
- အိုလပ်ပစ်လုပ်ဖော်ကိုင်ဖက်များဖြစ်သော တရုတ်အစိုးရပိုင် အမျိုးသားရေနံဆီ စုဖွဲ့ထားသောအဖွဲ့နှင့် ဆိုင်နိုပက် နှစ်ဖွဲ့စလုံးက၊ တင်ပြထားသည့် မြန်မာပြည်–တရုတ် ရေနံဆီနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများအား လုပ်နေခြင်းကို စုပေါင်းအရေးယူပိတ်ဆို့မှုများနှင့် ပတ်သက်ပြီး အထက်ပါတောင်းဆိုချကအခြေအနေများအားလုံးကို နအဖက လိုက်လျောမှုမရှိမခြင်း ပိတ်ပင်ထားရမည်။
- လူ့အခွင့်အရေးချိုးဖောက်များမရှိဘဲ ထိုစီမံကိန်းများကို ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သောကြောင့် မြန်မာပြည်ထဲတွင် ပိုက်လိုင်းများစီမံကိန်းများနှင့် ပတ်သက်သည်များကို ပိတ်ပင်ထားပါ။
- မြန်မာပြည်နှင့် စီးပွားရေးလုပ်နေသော တရုတ်အစိုးရပိုင် ကုမ္ပဏီများအပါ အဝင် တရုတ် ကုမ္ပဏီများအားလုံးကို မြန်မာစစ်အစိုးရအား တိုက်ရိုက်နည်းဖြင့် (သို့) စစ်အစိုးရကထိန်းချုပ်သော လုပ်ငန်းများမှ တဆင့် ပေးနေမှုများကို တရားဝင်လူသိရှင်ကြားဖော်ထုတ်ရန် ညွှန်ကြားပါ။

## ဥရောပသမဂ္ဂအဖွဲ့အစည်းနှင့် ၄င်း၏ အဖွဲ့ဝင်များထံသို့

၂၀၀၇ အောက်တိုဘာ ၁၅ တွင် “အထွေအထွေ အရေးအခင်းကိစ္စများနှင့် ပြင်ပဆိုင်ရာ ဆက်ဆံရေးကောင်စီ” ၏ ကောက်ယူမှတ်ချက်ချမှုများတွင်၊ မြန်မာ ပြည်အခြေအနေမှာ အလွန်ပင်ဆိုးရွားနေပြီဖြစ်ကြောင်းနှင့် ယခုအချိန်သည် “စစ်အစိုးရအား ပြင်းထန်သောနည်းလမ်းများဖြင့် တိုက်ရိုက်ဖိအားပေးမှုများ” လုပ်ဆောင်ရန် အချိန်ရောက်ပြီ ဟု မှတ်ချက်ချခဲ့သည်။ ထို့နောက်တွင် မြန်မာပြည်မှ သစ်များ၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ သတ္တုများအား တင်သွင်းမှုပိတ်ဆို့လိုက်ပြီး၊ ထိုအရာများအား မြန်မာပြည်သို့ တင်ပို့ခြင်းနှင့် အသစ်ရင်းနှီးမြှုပ်နှံမှုများပြုခြင်းကိုလည်း ပိတ်ပင်ခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ အစည်းက ဘဏ်များရှိ စစ်အစိုးရနှင့် ၄င်းနှင့်အဆက်အသွယ်ရှိသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ ငွေပိုက်ဆံများနှင့် ရန်ပုံငွေများကို အချိန်အတော်ကြာ ပိတ်ပင်ထားခဲ့ပြီဖြစ်ပြီး၊ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများမှ မန်နေဂျာများနှင့် ၄င်းတို့မိသားစုအဖွဲ့ဝင်များအား ဗီဇာပေးခြင်းကို ပိတ်ပင်ထားခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ပိတ်ပင်ခံထားရသူများစာရင်း တွင် ၃၈၆ ယောက် ပါဝင်သည်။ ထိုလုပ်ဆောင်ချက်များအားလုံးကို ကြိုဆိုလက်ခံ ပါသည်။ သည့်ထက်မက၊ ဥရောပသမဂ္ဂအဖွဲ့အစည်းနှင့် ၄င်း၏ အဖွဲ့ဝင်များလုပ် ဆောင်သင့်သည်မှာ

- လက်ရှိဥရောပသမဂ္ဂအဖွဲ့အစည်း၏ ပတ်ဆို့တားဆီးမှုများကို တိုးချဲ့သည့် အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့အစည်းအတွင်း ငွေကြေးရောင်းဝယ်ခြင်းဖြင့် ဘဏ်များရှင်းနေမှုများအား ပိတ်ပင်ရန်နှင့် မိမိတို့ နယ်စပ်အတွင်း ထိုလုပ်ငန်းရှင်များနှင့် လူပုဂ္ဂိုလ်များက ဘဏ်များအား အသုံးပြုနေမှုကို တားဆီးငြင်းဆန်ရမည်။
- မြန်မာအစိုးရအား ပိတ်ဆို့ထားမှုကို လိုက်နာခြင်းမရှိသော နိုင်ငံခြား ငွေကြေး အဖွဲ့အစည်းများအား ဥရောပသမဂ္ဂအဖွဲ့အစည်းအတွင်းရှိ ငွေကြေး စနစ်ကို သုံးခြင်းအား

ငြင်းပယ်ရန် ငွေကြေးလျှော်ဖွပ်ခြင်းနှင့် စီးပွားရေး ပိတ်ဆို့မှုများကို ထားရှိပါ။ အပြည်ပြည်ဆိုင်ရာ အရေးယူဆောင်ရွက်ချက် များအား ထိရောက်စွာလုပ်နိုင်မှသာလျှင် စစ်အစိုးရမှ အမှန်တကယ် ပိတ်ဆို့မှုများ၏ ကွင်းဆက်များကို ခံစားရမည်ဖြစ်သည်။

- ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ပိတ်ဆို့မှုများသည် အစဉ်မပြတ် လေ့လာမှုအောက်တွင်ရှိအောင် သေချာလုပ်ဆောင်ပြီး၊ အကျိုးထိရောက်မှုကို များနိုင်သလောက်များနိုင်အောင် အခြားနိုင်ငံများနှင့်လည်း ပူးပေါင်း ဆောင်ရွက်ခြင်းကို လုပ်ပါ။
- အသစ်ခန့်အပ်ထားသော ဥရောပသမဂ္ဂအဖွဲ့အစည်းမှ အထူးသံတမန် ပီရရို ဖာစ်စီနိုက ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ပိတ်ဆို့မှုများအား ထိရောက်စွာလုပ်ဆောင်နိုင်အောင် တာဝန်ပေးခြင်းကို သေချာလုပ်ပါ။

ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ကလေးများနှင့် တိုက်ပွဲများဆိုင်ရာ၊ လက်နက်ပိတ် ဆို့မှုများဆိုင်ရာ လမ်းညွှန်ချက်များနှင့် ကိုက်ညီစေရန်၊ ဥရောပသမဂ္ဂအဖွဲ့အစည်းက မြန်မာပြည်အား ကမ္ဘာ့ကုလ သမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့မှ လက်နက်ပိတ် ဆို့မှုများကို ကလေးများနှင့် တိုက်ပွဲများဆိုင်ရာအစီအစဉ်အောက်တွင် တရားဝင်လူသိရှင်ကြား လုပ်နိုင်ရန် သွေးဆောင်ဖို့အတွက် ၄င်း၏ ဒီဇင်ဘာလ "အထွေအထွေ အရေးအခင်းကိစ္စများနှင့် ပြင်ပဆိုင်ရာ ဆက်ဆံရေးကောင်စီ" အစည်းအဝေးကို အသုံးပြုသင့်သည်။

## အိန္ဒိယအစိုးရထံသို့

အိန္ဒိယအစိုးရသည် ၁၉၉၀ ရွေးကောက်ပွဲရလဒ်များကို ဖျက်သိမ်းပြီး ၁၉၈၈ အရေးအခင်းနောက်ပိုင်းတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် ဒီမိုကရေစီအတိုက်အခံများကို ထောက်ခံခဲ့သော်လည်း၊ လွန်ခဲ့သော ဆယ်စုနှစ်မှစ၍ မြန်မာစစ်အစိုးရနှင့် ရင်းနှီးစွာ ဆက်ဆံနေခဲ့သည်။ အိန္ဒိယမှာ မြန်မာပြည်အား အဓိက လက်နက်ထောက်ပံ့သူ၊ အဓိက ရင်းနှီးမြှုပ်နှံသူနှင့် အဓိက ရေနံတင်သွင်းသည့်နိုင်ငံဖြစ် လာခဲ့သည်။ သန်းရွှေကိုလည်း ရှိသေလေးစားမှုအပြည့်ဖြင့် အလည်အပတ်လာရန်ဖိတ် ခေါ်ခဲ့သည်။ အိန္ဒိယအစိုးရအရာရှိများက ထိုသို့လုပ်ရခြင်းအကြောင်းရင်းမှာ စီးပွားရေး၊ အထူးသဖြင့် စွမ်းအားများ လိုအပ်ချက်ကြောင့်ဖြစ်ကြောင်းနှင့်၊ နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန် ၄င်း၏ အရှေ့မြောက်ပိုင်းရှိ ပုန်ကန်မှုများကိုတန်ပြန်တိုက်ခိုက်ရာတွင် မြန်မာအစိုးရ၏ ကူညီမှုကိုရရှိရန်နှင့် မြန်မာပြည်နှင့် ဒေသဝန်းကျင်တွင် လွှမ်းမိုးမှုများကို ရရှိရန် တရုတ်နှင့် အတူပြိုင်ဆိုင်ဖို့ရန်ဖြစ်သည် ဟုပြောကြားခဲ့သည်။
ကမ္ဘာ့သက်တမ်းအကြာဆုံးဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့်နိုင်ငံအဖြစ်၊ အိန္ဒိယသည် ၄င်း၏ နိုင်ငံခြားသံတမန်ပေါ်လစီများကို ကျင့်သုံးရာတွင် အကျင့်သီလစောင့်ထိန်းသင့်သည်၊ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ရက်စက်သောအိမ်နီးချင်းနိုင်ငံကို ရှောင်သင့်သည်။ အိန္ဒိယမှ လူများနှင့် အပြည်ပြည်ဆိုင်ရာက အိန္ဒိယက မြန်မာပြည်အပေါ် ရပ်တည်မှုအား အလွန်အံ့ဩတုံလှုပ်ကြပြီး၊ စိတ်ဓာတ်ကျခဲ့ကြသည်။ အိန္ဒိယအစိုးရမှ လုပ်နေမှုများကို ပြောင်းလဲပစ်ရန်

- စနစ်ကျကျလူ့အခွင့်အရေးချိုးဖောက်များနှင့် သံဃာတော်များ၊ ဆန္ဒပြသူများအား အရေးနှိမ်နင်းမှုအတွက် ပြင်းထန်သော ကဲ့ရဲ့ရှုံ့ချမှုကို လူသိရှင်ကြားထုတ်ပြန်ပါ။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ကန့်သတ်ထားရှိမှုများအတွက် တောင်းဆိုသော အားနည်းပြီးနည်းကွေးမှုများအဆိုပြုချက်များက မြန်မာခေါင်းဆောင်များအား အိန္ဒိယအစိုးရက ထောက်ခံနေသည့် သဘောသက် ရောက်စေပြီး၊ အပြည်ပြည်ဆိုင်ရာမှ တညီတညွတ်တည်းတုံ့ပြန်မှုကို ပျက်ပြားစေသည်။
- ရုရှားနိုင်ငံမှ လက်နက်များ မြန်မာပြည်သို့ တင်ပို့နေမှုကို ချက်ချင်းပိတ်ပင်ပြီး၊ စစ်သင်တန်းများ၊ သွားလာရေး၊ အကူအညီပေးမှုများ၊ ပူးပေါင်းဆောင် ရွက်နေမှုများအားလုံးကို ရပ်ဆိုင်းပါ။

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံချိန်အတိုင်းအတာများကို လိုက်နာသည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့်နိုင်ငံအဖြစ် အထက်ပါ အပြစ်ပေးပိတ်ဆို့မှုများ ကို ဦးဆောင်ပြီးလုပ်ဆောင်ပါ။
- နအဖအား ညှင်းပန်းနှိပ်စက်မှုများကို ရပ်ဆိုင်းရန်နှင့် ဆန့်ကျင်ဝေဖန်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ရန် ဖိအားပေးပါ။ ဒီမိုကရေစီစနစ်သို့ ဦးတည်မည်ဟူသော လမ်းစဉ် ၇ ရပ်မှာ အစိုးရ၏ စစ်အုပ်ချုပ်ရေးကို ဆက်လက်လုပ်သွားရန်သာ ဖြစ်သောကြောင့်၊ စစ်မှန်သောထောက်ခံမှုများကို ရရှိထားသော တိုင်းရင်းသားအဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ အစီအစဉ်ဖြင့် အစားထိုး လုပ်ဆောင်သွားပြီး ထိုလမ်းစဉ်များကို ဖျက်သိမ်းပစ်ရမည်။
- ပြည်သူအရပ်သားများ အစိုးရကို ဖြစ်ပေါ်လာစေမည့် ပါတီများအားလုံး၏ အမြင်များပါဝင်သည့် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေသစ်ကို ရေးဆွဲနိုင်စေရန် ပွင့်လင်း၍ သိမြင်ထိုးဖောက်နိုင်သော အစည်းအဝေးနည်းလမ်းများဖြင့် စစ်မှန်သော ကိုယ်စားပြုမှု ပါဝင်မှုရှိသော အမျိုးသားညီလာခံကို လုပ်ဆောင်သွားရန် နအဖကို တိုက်တွန်းနိုးဆော်ပါ။

## ဂျပန်အစိုးရထံသို့

လွန်ခဲ့သောနှစ်များအတွင်းတွင် ဂျပန်အစိုးရက မြန်မာပြည်အပေါ်ထားရှိသော ပေါ်လစီများမှာ ကောင်းမွန်သော ဦးတည်ချက်တွင် ရှိနေခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်မဟုတ်သော နိုင်ငံအဖြစ်၊ မြန်မာပြည်အား ဇန်နဝါရီ ဆုံးဖြတ်ချက်ချက်မှု အပေါ်သဘောတူကြောင်း မဲပေးခဲ့သည်။ မြန်မာအစိုးရအား(သို့) မှတဆင့် ကူညီမှုများပေးနေခြင်းကို လျှော့ချရန် ခြေလှမ်းအဆင့်များကို သုံးခဲ့သည်။ ထိုလုပ်ဆောင်မှုများကို ကြိုဆိုလက်ခံပါသည်။ သို့သော်၊ အရေးယူနှိမ်နင်းမှုအပေါ် ဂျပန်အစိုးရ၏ တုံ့ပြန်မှုမှာ ပေါ့လျော့သည်။ အခုအချိန်ထိ၊ လူ့အရင်းအမြစ်တိုးတက်မှု စီမံကိန်းတခုကိုသာ ပိတ်ပင်မှုပြုလုပ်ခဲ့သည်။ အစိုးရကိုယ်တိုင်က ဂျပန် သတင်းထောက် ကင်န်ဂျီနာဂိုင်အသတ်ခံရမှုအတွက် ဒေါသထွက်သော ပြည်သူများ၏ ထင်မြင်ချက်များ မရှိပါက ထိုပိတ်ဆို့မှုပင် ဖြစ်လာလိမ့်မည်မဟုတ်ကြောင်း ပြောဆို ခဲ့သည်။

အချိန်ကြာမြင့်အောင် မြန်မာပြည်၏ အကြီးမားဆုံး အလှူရှင်အဖြစ် ဂျပန်သည် ရှင်းလင်းပြတ်သားစွာနှင့် ပြင်းထန်စွာပြောဆို ပြုမူသင့်သည်။ ဂျပန်အစိုးရသည်

- လူ့အခွင့်အရေးချိုးဖောက်များကို ရပ်တန့်စေရန်နှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ရန် မြန်မာအစိုးရအား ပြင်းထန်စွာ လူသိရှင်ကြား ဖိအားပေးရမည်။
- သေချာစွာလေ့လာဆန်းစစ်မှုကို စောင့်ကြည့်နေစဉ်အတွင်း မြန်မာပြည်အား ကူညီမှုစီမံကိန်းများအားလုံးကို ပိတ်ပင်တားဆီးထားပါ။ မြန်မာလူမျိုးများအားတိုက်ရိုက်အကျိုးဖြစ်စေသည့် လူသားချင်းစာနာ ထောက်ထားကူညီမှုစီမံကိန်းများကိုသာ ပြန်လည်စတင်သင့်သည်။ ဝန်ကြီးချုပ် ဖူကူဒါက ထိုသို့လုပ်ဆောင်သည့်အဆင့်များမှာ စတင်နေပြီဖြစ်ကြောင်းပြောကြားသော်လည်း လောလောလတ်လတ်အတွင်း နိုင်ငံခြားရေးဌာန အရာရှိများနှင့် လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ထိုအရာများမဖြစ်သေးကြောင်းပြောကြားခဲ့သည်။
- မြန်မာအစိုးရအား စော်ကားရာကျမည်ကို စိုးရိမ်သောကြောင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ စီမံကိန်းများကို မထောက်ပံ့ပေးသည့် ပေါ်လစီများကို ရပ်တန့်ရမည်။
- ကင်န်ဂျီနာဂိုင်နည်းတူ သံဃာတော်များနှင့် အခြားသောသူများ အသတ်ခံရခြင်း အပါအဝင် စစ်အစိုးရက ချိုးဖောက်ထားသော လူ့အခွင့်အရေးများကို လွတ်လပ်သောအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးသူများရှိနိုင်ရန် လုပ်ဆောင်မှုများကို ဦးဆောင်ပါ။

- ဒုက္ခသည်များအားနေရာချထားမှုကိုကူညီရန်ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ လုပ်ဆောင်ပါ။

## ရုရှားအစိုးရထံသို့

- ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့မှ မြန်မာပြည်အပေါ်ထုတ်ပြန်သော ဆုံးဖြတ်ချက်ချမှုများ မြန်မာပြည် ပြဿနာများကိုဖြေရှင်းရန် စုပေါင်းလုပ်ဆောင်မှုများအား ရုရှားက ဗီတိုအာဏာသုံးပြီး ငြင်းဆန်နေမှုကို ရပ်ဆိုင်းပါ။ ထိုသို့လုပ်ခြင်းသည် ရုရှားအစိုးရက စစ်အာဏာရှင်အစိုးရဘက်ကရပ်တည်ပေးမှုဖြစ်ပြီး မြန်မာပြည်သူများအား ဆန့်ကျင်နေခြင်းဖြစ်သည်။
- မြန်မာပြည်သို့ ရုရှားနိုင်ငံမှ လက်နက်များတင်ပို့နေမှုကို ချက်ချင်းပိတ်ဆို့ ရန်နှင့် စစ်သင်တန်းများ၊ သွားလာရေး၊ အကူအညီပေးမှုများ၊ ပူးပေါင်းဆောင် ရွက်နေမှုများအားလုံးကို ရပ်ဆိုင်းပါ။

## စင်ကာပူအစိုးရထံသို့

- မြန်မာပြည်အတွင်း ပြုပြင်ပြောင်းလဲမှုများရှိလာအောင် အာဆီယံအတွင်း ဦးဆောင်မှုကို ဆက်လုပ်လုပ်ဆောင်ပါ။
- မြန်မာအစိုးရနှင့် အရာရှိများ၏ တရားဝင်ရုံးသုံးနှင့် ကိုယ်ပိုင်ဘဏ်စာရင်း ထားခြင်းကို ထားရှိနေမှုကိုသိရှိရသောကြောင့်၊ ပစ်မှတ်ထားရှိသော ငွေကြေးနှင့် ဘဏ်ပိတ်ဆို့မှုများဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ပါ။

## ထိုင်းအစိုးရထံသို့

ထိုင်းနိုင်ငံသည် မြန်မာပြည်၏ အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်သည်။ ထိုင်းသည် မြန်မာပြည်၏ အကြီးမားဆုံး နိုင်ငံခြားငွေထောက်ပံ့ပေးနေသူဖြစ်ပြီး၊ အထူးသဖြင့် ရေနံလုပ်ငန်းလုပ်ခြင်းမှ ၂၀၀၆ တွင် နအဖအား အမေရိကန်ဒေါ်လာ ၂.၁၉ သန်းပေါင်း တထောင်(ဘီလီယံ) အခွန်တော်ငွေများကို ရရှိစေခဲ့သည်။ အာဆီယံနှင့် အခြားအပြည်ပြည်ဆိုင်ရာများတွင် မြန်မာပြည်၏ အဓိက သံတမန်ရေးရာ ကာကွယ်သူ ဖြစ်သည်။ ထိုင်းသည် မြန်မာပြည်အပေါ် လွှမ်းမိုးမှုများ ရှိသော်လည်း စစ်အစိုးရတည်မြဲ အောင် ငွေကြေးနှင့် သံတမန်ရေးရာကူညီမှုများကို ပေးနေခဲ့သည်။ ထိုင်းအစိုးရသည်

- မြန်မာ စစ်တပ်ကပိုင်သော (သို့) ထိန်းချုပ်ထားသော လုပ်ငန်းများ၊ စစ်တပ်ပိုင်းဆိုင်ရာများကို ထောက်ပံ့ရန် သုံးသော အခွန်တော်ငွေများနှင့် စီးပွားရေးဝယ်ယူရောင်းချမှုများကို ပိတ်ပင်ရန် ဆုံးဖြတ်ချက်ချမှုများ ပြုလုပ်ပါ။
- အသစ်ရင်းနှီးမြှုပ်နှံမှုများနှင့် မြန်မာပြည်မှ လက်ရွေးစင် သွင်းကုန်များယူနေ ခြင်းကို ရပ်ဆိုင်းပါ။
- မြန်မာ စစ်တပ်ကပိုင်သော (သို့) ထိန်းချုပ်ထားသော လုပ်ငန်းများ၊ စစ်တပ်ပိုင်းဆိုင်ရာများကို ထောက်ပံ့ရန် သုံးသော အခွန်တော်ငွေများနှင့် စီးပွားရေးဝယ်ယူရောင်းချမှုများကို ပိတ်ပင်ရန် ဆုံးဖြတ်ချက်ချမှုများ ပြုလုပ်ပါ။
- နိုင်ငံတော်ပိုင် ပီထီထီ စူးစမ်းရှာဖွေ့ခင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းမှ လူ့အခွင့်အရေးချိုးဖောက်များကို ပိုမိုဆိုးရွားလာနိုင်စေသည့် ရေနံဆီနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများတွင် အသစ်ရင်းနှီးမြှုပ်နှံမှုများလုပ်နေခြင်းကို ပိတ်ပင်ထားရမည်။ ထိုသို့သော အကြောင်းရင်းများအတွက်

မြန်မာပြည်ရှိ ရေအားလျှပ်စစ် ရေကာတာများတည်ဆောက်မှုများတွင် ထိုင်းကုမ္ပဏီများနှင့် အခြားနိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကပါဝင်နေမှုကိုလည်း အလားတူပိတ်ပင်မှုများ ပြုလုပ်ရမည်။

- အာဆီယံနှင့် ကမ္ဘာ့ကုလသမဂ္ဂလုပ်နည်းများကိုသုံး၍ မြန်မာပြည်အား သင့်လျော်သော စုပေါင်းလုပ်ဆောင်အရေးယူမှုများကို လုပ်ဆောင်သွားနိုင်ရန် အာဆီယံနိုင်ငံအဖွဲ့ဝင်များကို တိုက်တွန်းနိုးဆော်ပါ။
- မြန်မာပြည်၏ နယ်စပ်တွင်ရှိသော နိုင်ငံအဖြစ်ထိုင်းနိုင်ငံသည်၊ ဒုက္ခသည်များအား အပြည်ပြည်ဆိုင်ရာကာကွယ် စောင့်ရှောက်မှု များကိုပေးနိုင်ရန် အုပ်စိုးခွင့်အတိုင်း မြန်မာပြည်မှနိုင်ငံရေး ခိုလုံခွင့် တောင်းသူများ အားလုံးကိုဒုက္ခသည်များအနေအ ထားဆုံးဖြတ်လုပ် ဆောင်ပေးနေသည့် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ လှုပ်ရှားမှုများကို ခွင့်ပြုပါ။ တချိန်တည်းမှာပဲ၊ ထိုင်းနိုင်ငံသည် တိုက်ပွဲများမှ ထွက်ပြေးလာသူများကိုသာ ကာကွယ်ခြင်းနှင့် ခေတ္တနေခွင့်ပေးခြင်းအား ကျင့်သုံးခြင်း ပေါ်လစီကို စွန့်လွှတ်ပါ။ ထိုထွက်ပြေးလာသောသူများအား ဒုက္ခသည်များအဖြစ် လက်ခံဆက်ဆံရမည်ဖြစ်ပြီး၊ ဒုက္ခသည်များဆိုင်ရာ သဘောတူစာချုပ် ၁၉၅၁ တွင် တင်ပြထားသည့်အတိုင်း အကြောင်းတခုခုကြောင့် နှိပ်ကွပ်ခံရမည်ကို ကြောက်သောစိတ် ရှိသောကြောင့်ဖြစ်သည်။ ထိုစိတ်များစစ်ပွဲထဲတွင် တွေ့ကြုံခံစားခဲ့သည်ဖြစ်စေ၊ မခံစားခဲ့ရသည်ဖြစ်စေအသိအမှတ်ရမည်။

## အမေရိကန်အစိုးရထံသို့

အမေရိကန်အစိုးရမှ မြန်မာပြည်မှ တိုက်ရိုက်သွင်းကုန်များနှင့် မြန်မာပြည်တွင် ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုများအား အချိန်အတော်ကြာ တားမြစ်ထားခဲ့သည်။ နောက်ဆုံးအရေးယူနှိမ်နင်းမှုကြီးနောက်တွင်၊ အမေရိကန်အစိုးရဘဏ်များမှတဆင့် ငွေကူးသန်းရောင်းဝယ်မှုများကို တားဆီးသည့် အနေဖြင့် မြန်မာအစိုးရ၊ အချို့မိသားစု အဖွဲ့ဝင်များနှင့် အစိုးရနှင့် နီးစပ်သောသူများအစရှိသည့် အဓိက လူပုဂ္ဂိုလ်များအား စီးပွားရေးပိတ်ဆို့မှုများကို ပြုလုပ်ခဲ့သည်။ အမေရိကန်အစိုးရက ၂၀၀၁ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုများအပြီးတွင် အခြားနိုင်ငံများအား စီးပွားရေးပိတ်ဆို့မှုများ အပါအဝင် အမေရိကန်အစိုးရ၏ဥပဒေကို လိုက်နာမှုမရှိလျှင် အမေရိကန်ဘဏ်စနစ်များသို့ နိုင်ငံခြားဘဏ်များသုံးခြင်းကို ငြင်းပယ်ခြင်းများ လုပ်ဆောင်ရာမှ ထိုသို့လုပ်ဆောင်မှုများရှိခဲ့သည်။ အမေရိကန်အစိုးရမှ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော ဘဏ်များအား ငြင်းပယ်ခြင်းမျိုးမပြုလုပ်သေးသော်လည်း၊ စင်ကာပူဘဏ်များအပါအဝင် အချို့ဘဏ်များအား သွေးဆောင်ခဲ့သည်။ အမေရိကန်အစိုးရမှ နောက်ထပ်လုပ်သင့်သည်များမှာ

- ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့၏ အစီအစဉ်များတွင် မြန်မာပြည်အားဆက်လက်ထားရှိရန် လုပ်ဆောင်ပြီး၊ ကုလသမဂ္ဂက ဦးဆောင်သည့် မြန်မာပြည် နိုင်ငံရေးပြဿနာများအတွက် ကြားဖြတ်ဖြန်ဖြေမှုများကို ထောက်ပံ့ရမည်။
- စက်တင်ဘာ ၂၄ ၂၀၀၇ တွင် သမ္မတ ဂျော့ဘွတ်ချ်က ထုတ်ပြန်လိုက်သည့် စီးပွားရေးပိတ်ဆို့မှုများစာရင်းတွင်ပါဝင်သည့် လူပုဂ္ဂိုလ်များတွင် ညှင်းပန်းနှိပ်စက်မှုများအတွက်တာဝန်ရှိသောသူများနှင့် အခြား သဘောတူပါဝင်မှုရှိသူများအားလုံးကိုလည်း ထိုစာရင်းတွင် ပိတ်ဆို့မှုများပြုလုပ်ရန်ထပ်ထည့်ပါ။
  - အမေရိကန်"ပက်ထရီအွတ်တ် အက်" ၃၁၁ အရ၊ အမေရိကန်မှ စီးပွားရေးပိတ်ဆို့ထားသော မြန်မာခေါင်းဆောင်များ၊ စီးပွားရေးလုပ်အားများနှင့် အတူဆက်လက်လုပ်ကိုင်နေသော အမေရိကန်ဘဏ်များမဟုတ်သောဘဏ်များအား အမေရိကန်ဘဏ်များသုံးခွင့်ကို ပိတ်ပင်ပါ။
  - (ဆင်းရဲသော) တတိယနိုင်ငံမှ တဆင့်ရောလာသော မြန်မာပြည်မှ ကျောက်မျက်ရတနာများအား အမေရိကန်တွင် ရောင်းချခွင့်များ ပေးနေမှုကို ရပ်ဆိုင်းပါ။

○ ကမ္ဘာတလွှားရှိ အဓိကဘဏ်လုပ်ငန်းများအပါအဝင် အလားတူပိတ်ဆို့မှုများကို ပြုလုပ်နိုင်သော ဥရောပသမဂ္ဂ၊ သြစတြေးလျ၊ စင်ကာပူ၊ ဂျပန်၊ အခြားနိုင်ငံများနှင့် အတူပိတ်ဆို့မှုများကိုလုပ်ဆောင်ပါ။

## အာဆီယံအဖွဲ့သို့

မြန်မာပြည်မှ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အကြိမ်ကြိမ်ပြောဆိုပြီး ကတိပျက်ကွက်မှုများအတွက် အာဆီယံအဖွဲ့ဝင်များမှာ မျက်နှာပူနေခဲ့ရသည်။ အာဆီယံ အဖွဲ့သည် ဝန်ကြီးချုပ် မဟာတီယာ မူဟာမက်က ထောက်ခံပြီး အာဆီယံအဖွဲ့က အားပေးခဲ့သော ရာဇာလီအစ်မေးလ် နေရာကို လက်ခံသူ အီဘရာဟင်မ်ဂမ်ဘာရီနှင့် အတူလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပေ။ လွန်ခဲ့သောနှစ်များမှ စပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးများ ပြုလုပ်သွားရန် မြန်မာအစိုးရအား နိုးဆော်တိုက်တွန်းခြင်း၊ လူသိရှင်ကြား ဝေဖန်ပြောဆိုမှုများကို ပြုလုပ်ခြင်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်းမရှိရမူကို စွန့်ပယ်ခဲ့ကြသည်။ စက်တင်ဘာ ၂၇ တွင် အာဆီယံမှ "မြန်မာပြည်ရှိ ဆန္ဒပြမှုများကို အကြမ်းဖက်သောနည်းဖြင့်ဖြေခြင်းမှုများကို ရွံရှာသည်ဟုဖော်ပြ" ထားသော အဆိုပြုချက်ကို ထုတ်ပြန်ခဲ့သည်။ သည်တခါတွင်တော့၊ စကားလုံးများမှ လက်တွေ့လုပ်ရပ်သို့ပြောင်းရန် အချိန်ဖြစ်သည်။ အာဆီယံအဖွဲ့သည်

- ကမ္ဘာ့ကုလ သမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့က ပိတ်ဆို့မှုများတောင်းဆိုခြင်းကို ထောက်ခံပြီး အခြား မြန်မာပြည် ပြဿနာများအား ဖြေရှင်းရန် စုပေါင်းအရေးယူဆောင်ရွက်မှုများကို ထောက်ခံပါ။
- ကမ္ဘာ့ကုလ သမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့က ပိတ်ဆို့မှုများမပြုလုပ်လျှင်တောင်မှ အာဆီယံသည် (အခြားသော နိုင်ငံများနှင့်အတူ) မြန်မာပြည်မှ သစ်များ၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ သတ္တုများအား တင်သွင်းမှုပိတ်ဆို့လိုက်ပြီး၊ ထိုအရာများအား မြန်မာပြည်သို့ တင်ပို့ခြင်းနှင့် အသစ်ရင်းနှီးမြှုပ်နှံမှု များပြုခြင်းကို ပိတ်ပင်သင့်သည်။ မြန်မာ စစ်တပ်ကပိုင်သော (သို့) ထိန်းချုပ်ထားသော လုပ်ငန်းများ၊ စစ်တပ်ပိုင်းဆိုင်ရာများကို ထောက်ပံ့ရန် သုံးသော အခွန်တော်ငွေများနှင့် စီးပွားရေးဝယ်ယူရောင်းချမှုများကို ပိတ်ပင်ရန် ဆုံးဖြတ်ချက်ချမှုများ ပြုလုပ်ပါ။
- မြန်မာပြည်အား အာဆီယံ၏ လက်နက်ပိတ်ဆို့မှုများကို ထားရှိပါ။
- သြဂုတ်နှင့် စက်တင်ဘာလတွင် ဖြစ်ပွားသော မြန်မာပြည်ရှိ လူ့အခွင့်အရေးအခြေအနေများအား စုံစမ်းရန် ကမ္ဘာ့ကုလ သမဂ္ဂ လူ့အခွင့်အရေးပိုင်းဆိုင်ရာ အထူးကိုယ်စားလှယ်တော်၏ အလုပ်ကို ထောက်ခံအားပေးပါ။
- ၂၀၀၇ နိုဝင်ဘာတွင် ရေးဆွဲထားသော အာဆီယံ၏ ချာတာအသစ်တွင် ပါဝင်သော လူ့အခွင့်အရေးတိုးမြှင့်ရေး၊အခြေခံလွတ်လပ်ခွင့်များထားရှိရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးများ၊ ဒီမိုကရေစီမြှင့်တင်ရေးများအား မြန်မာအစိုးရက လိုက်နာရန် ဖိအားပေးပါ။
- ထိုချာတာမှ ပြဋ္ဌာန်းထားချက်များကို မလိုက်နာပါက မြန်မာပြည်အား အာဆီယံအဖွဲ့အစည်းမှ ထုတ်ပစ်ပါ။
- လူ့အခွင့်အရေးကာကွယ်မှုများပြုလုပ်ရန်နှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသို့ ဦးတည်ရာ၌ ချက်ချင်းအဆင့်ခြေလှမ်းများစတင်ဖို့ မြန်မာအား ဖိအားပေးရာတွင် ဟူဆိန်အာဏာသိမ်းပြီးနောက် ၁၉၉၇ တွင် ကမ်ဘောဒီးယား၌ သုံးသော သုံးပွင့်ဆိုင် လုပ်နည်းကို စတင်သုံးပါ။

## မြန်မာပြည်အတွင်း ရင်းနှီးမြှုပ်နှံနေသော (သို့) စီးပွားလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် ပတ်သက်ပြီး

- ၄င်းတို့ တရားစီရင်ပိုင်ခွင့်တွင် ဗဟိုဌာနချုပ်ထားသော ကုမ္ပဏီများ၏ အစိုးရများသည် မြန်မာစစ်အစိုးရကို တိုက်ရိုက်(သို့) စီးပွားရေးလုပ်ငန်းများမှ တဆင့် ပေးနေမှုများ ပြုလုပ်မှုများကို လူသိရှင်ကြား၊ ပေါ်ပေါ်ထင်ထင်ပေးမှုများ ပြုလုပ်ရန် တောင်းဆိုရမည်။

## ဒုက္ခသည်များနှင့် ပတ်သက်ပြီး

- နိုင်ငံအားလုံး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သော ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများကို ဒုက္ခသည်များဆိုင်ရာ သဘောတူစာချုပ် ၁၉၅၁ မှ လိုက်နာပြီး၊ ဖိနှိပ်မှုကို ကြောက်သောကြောင့် မြန်မာပြည်မှ ထွက်ပြေးလာသူမည်သူကိုမဆို လက်ခံပြီး လိုအပ်သော၊ သင့်လျော်သော် ကူညီမှုများကို ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာတရားဥပဒေကို လိုက်နာခြင်းပြုလုပ်ရမည်။